# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (7-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ်(Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ-မလေးရှား နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့

စာမျက်နှာ ၁၉ ကော်လံ ၁

## မြန်မာ-အိန္ဒိယ U-17 အမျိုးသားဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနှင့် အိန္ဒိယ U-17 အမျိုးသားဘောလုံးအသင်းတို့၏ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲကို အောက်တိုဘာ ၇ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင် Star City အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

**ရတနာပုံ ယနေ့ဖတ်စရာ**


တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ — စာမျက်နှာ - ၁၈

အယ်လ်နီညိုကို ရင်ဆိုင်ကျော်လွှားရေး ကဏ္ဍအသီးသီးအတွက် ကြိုတင်ပြင်ဆင် ဆောင်းပါး — စာမျက်နှာ - ၂၉


## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်း၊ လမ်းပေါ်ရှိတံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများဖြစ်ပေါ်ခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျနေသည့် မြေစိုင်၊ မြေခဲများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးစဉ်။




၂၀၂၆ ခုနှစ်၊ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမှ ဆုတ်ခွာသည့် ရက်များပြပုံ

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၆**

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ရတနာပုံ ယနေ့ဖတ်စရာ**


လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ အဆောင်တစ်ခု၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်နေသူများကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ — စာမျက်နှာ - ၂၆

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# သတိပြုကာကွယ် အယ်လ်နီညိုအန္တရာယ်

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အီကွေတာအနီး ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်မြင့်တက်လာခြင်းနှင့်ဆက်စပ်သည့် ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ လက်ရှိတွင် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ ပုံမှန်ထက်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ ထိုသို့ အပူချိန်မြင့်တက်ပြီး မိုးနည်းခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံများရေလိုအပ်ချက်မပြည့်မီခြင်း၊ အထွက်နှုန်းကျဆင်းခြင်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် မွေးမြူရေးတိရစ္ဆာန်များ ပြင်းထန်သောအပူဒဏ်ကိုခံစားရကာ သေဆုံးခြင်းတို့ဖြစ်နိုင်သည်။

အောက်တိုဘာ ၅ ရက် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များလမ်းညွှန်မှာကြားရာတွင် အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ **"မကြာမီ မိမိတို့နိုင်ငံ၌ ဆောင်းရာသီသို့ရောက်ရှိတော့မည်ဖြစ်သော်လည်း အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ မြေအောက်ရေခန်းခြောက်မှုများ ကြုံတွေ့ရနိုင်ကြောင်း၊ လက်ရှိအချိန်၌ပင် အချို့သောမြို့နယ်များ၌ ပုံမှန်ထက်အပူချိန်ပိုမိုမြင့်မားနေမှုများကို တွေ့မြင်ရကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီထိ အယ်လ်နီညိုရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံ စားသောက်၍ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီ သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်ထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အယ်လ်နီညိုအန္တရာယ်ကို တစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် ရင်ဆိုင်နိုင်မည်မဟုတ်သောကြောင့် သက်ဆိုင်ရာဌာနများ၊ တောင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးက မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြခြင်းဖြင့် အယ်လ်နီညိုအန္တရာယ်ကို ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့ သီးနှံတွေကို အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည်တို့ကို အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲနွားထောက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေ ထုတ်ချေးခြင်း၊ အရင်းအတိုး ပြန်လည်ပေးဆပ်ခြင်း လုပ်ငန်းများကို Manual Cash-Based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာနိုင်ငံသားများဘဏ်နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ်မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျွဲနွားထောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၄ သိန်းကို Citizen Pay ဖြင့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ မိုဘိုင်းဖုန်းမှတစ်ဆင့် ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံမှ သိရသည်။

**မောင်ခိုင်**

# မအူပင်မြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ချိုချိုဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ဒေသထွက် ငါးမြွေထိုးခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"စက်တင်ဘာလ ပထမပတ်လောက်ကတည်းက အရောင်းသွက်ခဲ့တာပါ။ လက်ရှိမှာလဲ ပုံမှန်ထက်ကိုတော်တော်လေးအရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ တစ်ရက်ကို ပိဿာချိန် ၅၀၀ နဲ့အထက် အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုဝင်းက ပြောပြသည်။

အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၃၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေးဇီးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက Mobile Financial Payment စနစ်သို့ ပြောင်းလဲရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ်မှ တာဝန်ရှိသူများနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငွေးဇီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို Citizen Pay ဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ မိုဘိုင်းဖုန်းမှ တစ်ဆင့် ရန်ပုံငွေကျပ် ၂၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဝေါမြို့နယ် အဖျားဘိုတဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဝေါ အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဖျားဘိုတဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်နှင့်ဝန်ထမ်းများက အဖျားဘိုတဲကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဖျားဘိုတဲကျေးရွာ၌ အရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၃၈၀ အသုံးပြု၍ ဌာနဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေးဝ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၆၃ ကေ၊ ဖူးစားပြောင်း ၂၃၉၅ ကေ စုစုပေါင်း ၂၅၅၈ ကေ ထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၆၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၀ ဒသမ ၁ တင်း၊ ဖူးစားပြောင်း ၂၃၉၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၇၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ပြောင်း ၂၅၅၈ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် ဘုန်းတော်နိုင်ငံကျေးရွာ၌ သဘာဝဆိုးဆေးနှင့်ဓာတုဆိုးဆေးနည်းပညာသင်တန်းဖွင့်

**အမရပူရ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အမရပူရမြို့နယ် ဘုန်းတော်နိုင်ငံကျေးရွာ၌ သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးနည်းပညာသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံရှိ ရွှေလွန်းပျံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းသို့ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၁၄ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **လဲ့လဲ့ခိုင်(အမရပူရ)**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ပုစွန်မျိုးစုံ ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်သို့ ပုစွန်ဘော့ချိတ်၊ ပုစွန်ဆိတ်အသေး၊ ပုစွန်ဆိတ်အကြီး၊ ပုစွန်ပြောင်ထုပ်ကြီး စသည့် ပုစွန်အမျိုးအစားများကို အဓိက တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ရေထွက်ကုန်အများစု ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရပါတယ်။ ဒေသရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၆၅၀၀၀ ထိ လတ်ဆတ်မှုနှင့် အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသမှထွက်ရှိသည့် ပုစွန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဗြိတိန်နိုင်ငံသို့ရောက်ခဲ့သည့် မြန်မာခေါင်းလောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းတစ်လျှောက်တွင် တောင်ငူခေတ်မှစ၍ ပြည်ပနှင့်ပဋိပက္ခဖြစ်ပွားမှု များပြားလာခဲ့ကာ ကုန်းဘောင်ခေတ်တွင် မြန်မာနိုင်ငံသည် တစ်ပါးနိုင်ငံ၏အုပ်ချုပ်မှုအောက်သို့ လုံးလုံးလျားလျား ကျရောက်သွားခဲ့ရပေသည်။ နှစ်နိုင်ငံပဋိပက္ခဖြစ်ပွားကြရာတွင် စစ်နိုင်သူတို့သည် မိမိအနိုင်ရသည့်နိုင်ငံမှ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို သယ်ယူသွားကြရာ မြန်မာနိုင်ငံမှအမွေအနှစ်ပစ္စည်းများသည် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။

အထူးသဖြင့် ကုန်းဘောင်ခေတ် ကုန်ဆုံးကာ လွတ်လပ်ရေး ဆုံးရှုံးပြီးနောက်ပိုင်းတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစွာသည် ပြည်ပနိုင်ငံတချို့သို့ ရောက်ရှိသွားခဲ့သည်။ ထိုပစ္စည်းများအနက် သီဟာသနပလ္လင်ကဲ့သို့ ပြန်လည်ရရှိခဲ့သော အမွေအနှစ် ပစ္စည်းများရှိသကဲ့သို့ပြန်လည်မရရှိသောအမွေအနှစ်များသည်လည်း အများအပြားပင်ဖြစ်သည်။

**ပြည်ပရောက် ရွှေဆံတော်ခေါင်းလောင်း**

ပြည်မြို့ ရွှေဆံတော်စေတီရင်ပြင်တွင် ထူးခြားသော ခေါင်းလောင်းနှစ်လုံးကို ချိတ်ဆွဲထားရာ ဒုတ္တဘောင်မင်းကြီးခေါင်းလောင်းနှင့် ဘိလပ်ပြန်ခေါင်းလောင်းတို့ဖြစ်သည်။ ဘိလပ်ပြန်ခေါင်းလောင်းသည် ပြည်ရွှေဆံတော်စေတီမှ ဗြိတိန်နိုင်ငံသို့ ရောက်ရှိပြီးနောက် မူလနေရာသို့ ပြန်လည်ရောက်ရှိခဲ့သဖြင့် ပြည်တော်ပြန်ခေါင်းလောင်းဟုလည်း ထင်ရှားသည်။

စာဆိုတော်ပြည်နဝဒေးကြီးက ပြည်ရွှေဆံတော်ဘုရားတိုင်ရတုတွင် "ခေတ္တသရေ၊ မင်းနေရပ်စည်၊ ရွှေပြည်ထောင့်ယွန်း၊ တောင်ထိပ်စွန်းဝယ်၊ တသန်းဉာဏ်ရှင်၊ မြသိတင်ဟု၊ ကောင်းကင်မိုးမြေ၊ နှံ့မျှဝေသည်၊ ဆံမြေဘုန်းခေါင်၊ မိတည်းနောင်" ဟုစပ်ဆိုခဲ့သည်။ မြသိတင် (မြသီးတင်) ဟုခေါ်ဆိုသည့် မူလရွှေဆံတော်သည် အမြင့် ခုနစ်တောင်ရှိသည့် စပါးပုံပုံသဏ္ဌာန်စေတီဖြစ်သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဒုတ္တဘောင်မင်းကြီး၏ သားတော်နှစ်ပါးဖြစ်သည့် ရဟန္တာအရှင်သူမြတ် အရှင်စန္ဒာသီရိနှင့် အရှင်စန္ဒာဂရာဇ်တို့က ခမည်းတော်အား ရွှေဆံတော်စေတီကို ထပ်မံတည်ထားရန် တိုက်တွန်းသဖြင့် ဒုတ္တဘောင်မင်းကြီးသည် သုဒဿနတောင်ပေါ်ရှိ မူလစေတီငယ်ကို ဉာဏ်တော် ၆၂ တောင်အမြင့် တည်ထားခဲ့ရာ သာသနာ သက္ကရာဇ် ၁၂၆ ခုနှစ် တပေါင်းလပြည့်တွင် ပြီးစီးအောင်မြင်ခဲ့သည်။ (သာသနာသက္ကရာဇ်သည် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည့် ဘီစီ ၅၄၄ ခုနှစ်မှ စတင်ရေတွက်သည်။)

ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ အဆိုအရ ပုဂံဘုရင် တရုတ်ပြေးမင်း နရသီဟပတေ့၏သားတော် သီဟသူသည် သက္ကရာဇ် ၆၀၄ ခုတွင်ပြည်မြို့ကို တည်ထောင်ခဲ့သည်။ သီဟသူနောက်တွင် ကျစွာနှင့် စောရန်နောင် မင်းပြုခဲ့ပြီး သက္ကရာဇ် ၇၃၉ ခုတွင် မင်းကြီး မျက်နှာရှည်သည် ပြည်ဘုရင်ဖြစ်လာခဲ့သည်။ မင်းကြီးမျက်နှာရှည်သည် သုဒဿနတောင်ပေါ်ရှိ စေတီကို ဉာဏ်တော် ၁၈ တောင် နှစ်မိုက် အမြင့်တည်ခဲ့၍ ရွှေထီးကိုးဆင့်တင်လှူပြီး ကုန်းတော်အပြည့် ကျောက်၊ အုတ်များခင်း၍ စောင်းတန်းလှေကားကို ပြုလုပ်ခဲ့သည်။

မျက်နှာပုမင်းလက်ထက်တွင် ကုန်းတော်မြေကို စေတီတော်၏ အနောက်မြောက်ထောင့်ရှိ ကြီးမားကျယ်ဝန်းသော ချိုင့်ဝှမ်းသို့ တိုးချဲ့၍ မူလစေတီကို ဉာဏ်တော် သံတောင် ၅၈ တောင်၊ စေတီရံသုံးဆင့်တည်ပြီး ရွှေထီး ကိုးဆင့်၊ မြသီးရောင်လျှံတော်စိန်ဖူးတင်လှူကာ မြသီးတင်ဘုရားဟု အမည်သမုတ်ခဲ့သည်။ (ဒုတ္တဘောင်မင်းကြီးတည်ခဲ့သည့် စေတီသည် ဉာဏ်တော် ၆၂ တောင်(၉၃ ပေ) ရှိ၍ မျက်နှာပုမင်း ပြုပြင်ခဲ့သည့် ရွှေဆံတော်စေတီသည် သံတောင် ၅၈ တောင် (၉၁ ဒသမ ၈၃ ပေ) ရှိကြောင်း မှတ်တမ်းကွဲလွဲမှုရှိသည်။)

ယခုအခါတွင် ပြည်ရွှေဆံတော်စေတီ၏ ဉာဏ်တော်သည် ဖိနပ်တော်မှ ထီးတော်အထိ ၁၂၆ ဒသမ ၅၅ ပေ၊ ဖိနပ်တော်သည် ၂၉၄ ပေနှင့် လုံးပတ်တော်သည် ၈၈ ပေ၊ ၈ လက်မဖြစ်သည်။

ပုဂံဘုရင်ကျန်စစ်သားသည် ခရစ်နှစ် ၁၀၈၃ ခုနှစ်တွင် ရွှေဆံတော်စေတီကို ပြုပြင်ခဲ့ကာ မွန်ဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာတိုင်ကို စိုက်ထူခဲ့သည်။ ၎င်းကျောက်စာတိုင်ကို ရွှေဆံတော်စေတီအရှေ့ဘက် အောက်ပစ္စယာရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။ ရွှေဆံတော်စေတီတော်တွင် တန်ဆောင်းဇရပ်များကို ခရစ်နှစ် ၁၄၆၈ ခုနှစ်တွင် အင်းဝဘုရင် နရပတိက လည်းကောင်း၊ ခရစ်နှစ် ၁၅၅၁ ခုနှစ်တွင် တောင်ငူဘုရင် ဘုရင့်နောင်မင်းတရားကလည်းကောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ခရစ်နှစ် ၁၇၅၆ ခုနှစ်တွင် အလောင်းမင်းတရားဦးအောင်ဇေယျသည် ရွှေဆံတော်စေတီတော်ကို ဖိနပ်တော်မှ ချရားသီးထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခဲ့ကာ စေတီတော်တွင်တင်ထားသည့် မွန်ထီးတော်အပြင် မြန်မာထီးတော်ကို အတွင်းမှ တင်လှူခဲ့သဖြင့် မွန်နှင့်မြန်မာ ထီးနှစ်ဆင့်စေတီအဖြစ် ထင်ရှားခဲ့သည်။

မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် ဝါခေါင်လပြည့်(၁၈၅၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်) အင်္ဂါနေ့တွင် ပြည်မြို့၌ မြေလျှင်ပြင်းထန်စွာလှုပ်ခတ်ခဲ့သဖြင့် ရွှေဆံတော်စေတီခေါင်းလောင်းပုံအထက်ပိုင်း တစ်ခုလုံးပြိုကျပျက်စီးခဲ့ရာ ကုန်သည်ကြီးဦးသာရွှဲက ဦးဆောင်ပြင်ဆင်ခဲ့သည်။ သက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်(၁၈၅၉ ခုနှစ် မေလ ၂၅ ရက်)တွင် မင်းတုန်းမင်းကြီး၏ အလှူတော်ငွေဖြင့် ပြုလုပ်ခဲ့သည့် ရွှေထီးတော်ကို တင်လှူခဲ့သည်။ ထိုအချိန်တွင် ရွှေဆံတော်စေတီ၏ ဉာဏ်တော်သည် ၇၆ တောင်ရှိ၍ သက္ကရာဇ် ၁၂၇၇ ခုနှစ် ကိုလိုနီခေတ်တွင် ပွဲစားတန်းရပ်နှင့် ရွာဘဲရပ်တို့ ဦးဆောင်ကာ ရွှေဆံတော်စေတီကို ထီးတော်တင်ခဲ့သည်။

၂၀၀၂ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာနက ဦးဆောင်လျက် ပြည်ရွှေဆံတော်စေတီရှိ မြန်မာထီးနှင့် မွန်ထီးတို့ကို ပြန်လည်မွမ်းမံခဲ့သည်။

**ဘိလပ်ပြန်ခေါင်းလောင်း**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဦးနိုင်ဝင်း၏ ကွင်းဆင်းလေ့လာမှုအရ ပြည် ရွှေဆံတော်စေတီတော်တွင် ခေတ်အဆက်ဆက် ချိတ်ဆွဲလှူဒါန်းခဲ့သည့် ခေါင်းလောင်း ၆၄ လုံးရှိသည်။

ဗုဒ္ဓဘာသာဝင်များသည် ခေါင်းလောင်းထိုးကာ ထွက်ပေါ်လာသည့် ကြည်မြသောအသံကို ခံယူရခြင်းကို နှစ်ခြိုက်လေ့ရှိသဖြင့် စေတီပုထိုးကျောင်းကန်များတွင် ဆွဲခေါင်းလောင်းများသာမက ထီးတော်များတွင်လည်း ခေါင်းလောင်းငယ်များကို ဆည်းလည်းများအဖြစ် ချိတ်ဆွဲလှူဒါန်းကြသည်။ အချို့ခေါင်းလောင်းများတွင် အလှူမှတ်တမ်းနှင့် ဆုတောင်းကမ္ပည်းစာများ ကိုရေးထိုးလေ့ရှိခဲ့သည်။ သို့သော် ခေါင်းလောင်းစာများတွင် ကျိန်စာများရေးထိုးခြင်းကို မတွေ့ရှိရချေ။

ပြည်ရွှေဆံတော်ရင်ပြင်ပေါ်ရှိ အစောဆုံးခေါင်းလောင်းသည် သက္ကရာဇ် ၉၉၂ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (၁၆၃၀ ပြည့်နှစ် ဧပြီ ၂၁ ရက်) ညောင်ရမ်းခေတ်ထိုး ခေါင်းလောင်းဖြစ်၍ နောက်ဆုံးလှူဒါန်းခဲ့သည့် ခေါင်းလောင်းသည် ၁၉၃၇ ခုနှစ်ထိုး ခေါင်းလောင်းဖြစ်သည်။ ခေါင်းလောင်းစာများအရ ပြည်ရွှေဆံတော်စေတီတော်တွင် ညောင်ရမ်းခေတ် ခေါင်းလောင်းနှစ်လုံး၊ ကုန်းဘောင်ခေတ် ခေါင်းလောင်းသုံးလုံး၊ ရတနာပုံခေတ်ခေါင်းလောင်း ၂၅ လုံးရှိရာ ပြည်ဒေသဝန်းကျင်မှလှူဒါန်းသည့် ခေါင်းလောင်းများက အများစုဖြစ်သည်။

၎င်းတို့အနက် ရွှေဆံတော်စေတီတော်ရင်ပြင် ရာဟုထောင့်တွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းကို အင်းဝမှ မောင်အောင်တူနှင့် မိသားစုက လှူဒါန်းခဲ့ပြီး ဘိလပ်ပြန်ခေါင်းလောင်းဟု ထင်ရှားသည်။ ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက် အတွင်းရေးမှူး ဦးဇင်သိန်းသည် ဘိလပ်ပြန်ခေါင်းလောင်းကို ကိုယ်တိုင်သွားရောက်တိုင်းထွာခဲ့ရာ ခေါင်းလောင်းအတွင်းပိုင်း အချင်း၂၈ စင်တီမီတာ၊ ခေါင်းလောင်းထု ရှစ်စင်တီမီတာ၊ အဝန်း ၁၁၂ စင်တီမီတာ၊ ခါးအဝန်း ၉၃ စင်တီမီတာနှင့် ခေါင်းလောင်းထိပ် အဝန်း ၄၃ စင်တီမီတာရှိကြောင်း မှတ်တမ်းပြုခဲ့သည်။ ခေါင်းလောင်း၏ ထိပ်အကျယ်သည် ၁၄ စင်တီမီတာရှိ၍ အရစ်အကွေးသည် ၁၅ စင်တီမီတာ ရှိသည်။

ရွှေဆံတော်စေတီရင်ပြင်ပေါ်ရှိ ခေါင်းလောင်းများအနက် ဘိလပ်ပြန်ခေါင်းလောင်းသည် အချိုးအစားအကျဆုံးနှင့် အသွင်သဏ္ဌာန် အလှပ၊ အသေသပ်ဆုံးဖြစ်ကြောင်း ပြည်တက္ကသိုလ် သမိုင်းအကြံပေးအရာရှိ ဆရာမကြီး ဒေါ်ကျင်ငွေးက ရေးသားခဲ့သည်။



ပြည်ရွှေဆံတော်စေတီရင်ပြင်တွင်ရှိသည့် ဘိလပ်ပြန်ခေါင်းလောင်း။

ဘိလပ်ပြန်ခေါင်းလောင်းထိပ်တွင် နဂါးကိုင်းပါရှိပြီး ကိုင်းတစ်ဖက်စီတွင် သံခြသေ့တစ်ကောင်စီ သွန်းလုပ်တပ်ဆင်ထားသည်။ ခေါင်းလောင်းထိပ်ပတ်လည်တွင် ကြာမှောက်နှစ်ဆင့်ပါရှိပြီး ခေါင်းလောင်းတွင်ရေးထိုးထားသည့် လက်ရေးသည် ဝိုင်းစက်ညီညာကာ လှပနေသည်။

ခေါင်းလောင်းတွင် ကမ္ပည်းစာခြောက်ကြောင်းရေးထိုးထားပြီး တတိယစာကြောင်းတွင်ခေါင်းလောင်း အလှူရှင် မောင်အောင်တူနှင့်ဇနီး ရှင်မင်းရောက် မိသားစုအမည်ကို "ရတနာပူရရွှေမြို့တော်နေ ခေါင်လေါင်တကာ မောင်အောင်တူ ဘွဲ့မင်ရာဇကြော်တင်မရာ ရှင်မင်ရောက် သမီအကြီရှင်ဘုံ သို့ငယ်ရှင်တုံ သာသို့တစုတို့"ဟု ရေးထိုးထားပြီး လှူဒါန်းသည့် ခုနှစ်သက္ကရာဇ်ကို ရေးထိုးထားခြင်းမရှိချေ။ ပဉ္စမစာကြောင်းတွင် "...ကြေချိန်အခက် လေးဆယ့်ကိုးပိဿာ ၂၅ ဉာခေါင်လောင်ကို လှူတန်ပါ၏" ဟုဖတ်ရှုရပေသည်။ (မူရင်းသတ်ပုံအတိုင်း ဖြစ်ပါသည်။)

ပုဂံမင်း(၁၈၄၆-၁၈၅၃) လက်ထက်တွင် ဖြစ်ပွားခဲ့သည့် အင်္ဂလိပ် မြန်မာ ဒုတိယပဋိပက္ခတွင် အင်္ဂလိပ်များက ပြည်မြို့ကို ၁၈၅၂ ခုနှစ် အောက်တိုဘာ ၉ ရက်၌ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး အင်္ဂလိပ်အမြောက်တပ်သည် ရွှေဆံတော်စေတီရင်ပြင်တွင် တပ်စွဲခဲ့သည်။ ပဋိပက္ခအပြီးတွင် အင်္ဂလိပ်များသည် ရွှေဆံတော်ရင်ပြင်ပေါ်ရှိ မောင်အောင်တူမိသားစု လှူဒါန်းထားသော ခေါင်းလောင်းကို ဗြိတိသျှကြည်းတပ် ဗိုလ်ချုပ်ကြီးဆာသောမတ်ဂေါ်ဒဝင်အား လက်ဆောင်ပေးရန် ဗြိတိန်နိုင်ငံသို့ ယူဆောင်သွားခဲ့သည်။ ဆာသောမတ်ဂေါ်ဒဝင်နှင့် သားသမီးအဆက်ဆက်သည် ၎င်းခေါင်းလောင်းကို လက်ဆင့်ကမ်းသိမ်းဆည်းခဲ့ကြသည်။

သို့သော် ဆာသောမတ်ဂေါ်ဒဝင်၏ မြေးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ဂေါ်ဒဝင်အော်စတင်သည် ခေါင်းလောင်းကို မူလတည်ရှိခဲ့သည့် ရွှေဆံတော်ရင်ပြင်ပေါ်တွင် ပြန်လည်ထားရှိရန် ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံသို့ မိမိစရိတ်ဖြင့် ပြန်လည်ပေးပို့လိုကြောင်း ပဲခူးခရိုင်ဝန် ရှင်တော်မင်းကြီးထံသို့ပြည်မြို့ အရေးပိုင်မှတစ်ဆင့် စာဖြင့်အကြောင်းကြားခဲ့သည်။

ဘိလပ်ပြန်ခေါင်းလောင်း ထည့်သွင်းထားသည့် ထင်းရှူးသေတ္တာကြီးသည် ရန်ကုန်မြို့မှတစ်ဆင့် ပြည်မြို့ အရေးပိုင်ရုံးသို့ ၁၉၁၅ ခုနှစ်တွင် ရောက်ရှိခဲ့သည်။

ထိုအချိန်တွင် အရေးပိုင်ခရီးထွက်နေသဖြင့် ပြည်မြို့ငွေတိုက်တွင် ၁၁ ရက် သိမ်းဆည်းခဲ့ပြီးအရေးပိုင်ရုံးမှတစ်ဆင့် ပြည်မြို့ ကမ်းနားလမ်းရှိ ဘုရင်မပန်းခြံ (ယခင်စာဖတ်ရုံနေရာ) သို့ ပို့ဆောင်ခဲ့သည်။ ခေါင်းလောင်းကို ပြည်မြို့အတွင်း လှည့်လည်ပြီး ရွှေဆံတော်စေတီရင်ပြင်သို့ ခမ်းနားသိုက်မြိုက်စွာ အတီးအမှုတ်၊ အကအခုန်များဖြင့် သယ်ဆောင်ခဲ့သည်။ ဦးသာဦးက ခေါင်းလောင်းတင်သည့် ပြာသာဒ်ကိုမိမိကိုယ်တိုင် ကမကထပြုလုပ်ခဲ့ကြောင်း ၁၉၃၂ ခုနှစ်တွင် ပြောပြခဲ့သည်။

နိုင်ငံတစ်ခု၏ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုများသည် သမိုင်းခြေရာများကို ဖော်ညွှန်းလျက်ရှိကြသဖြင့် ပြည်မြို့ ရွှေဆံတော်စေတီနှင့်စေတီရင်ပြင်ရှိ ခေါင်းလောင်းများ၊ ခေါင်းလောင်းစာများသည် ပြည်မြို့ပတ်ဝန်းကျင်ရှိ ပြည်သူများ ဖြတ်သန်းခဲ့သည့် ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံ၊ ကိုလိုနီခေတ်များ၏ပုံရိပ်များကို ဖော်ညွှန်းနေကြပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၁)**
- **ရွှေဆံတော်ဘုရားရင်ပြင်ပေါ်ရှိ ခေါင်းလောင်းနှင့် ခေါင်းလောင်းစာများ(ဒေါ်ကျင်ငွေး)**
- **ပြည်ရွှေဆံတော်စေတီမှ ခေါင်းလောင်းစာများ(နိုင်ဝင်း)**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၆၅၄၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၆၅၄၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၆၅၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံစုံ ဧက ၆၅၄၀ တွင် မြေပဲ ၂၅၃၅ ဧက၊ နှမ်း ၅ ဧက၊ နေကြာ ဧက ၄၀၀၀ ပါဝင်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ဆီထွက်သီးနှံစုံ ဧက ၆၅၀၀ ကျော်ကို စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ဆီထွက်သီးနှံစုံလျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် ဆီထွက်သီးနှံစုံထဲမှာ နေကြာကို အများဆုံးစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံစုံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ပေါင်းစပ်ဆောင်ရွက် ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဆီထွက်သီးနှံစုံကို အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ညောင်တုန်းမြို့နယ် ချောင်းဝကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်တုန်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် မိုးဟုတ်ကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းသန္တာမွန်နှင့် ဝန်ထမ်းများက ချောင်းဝကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ဝင်းသန္တာမွန်က ကျေးရွာကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းဝကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၃ သိန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုများနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းသန္တာမွန်ထံမှ သိရသည်။

**တေဇာလင်း**

## လယ်ယာမြေက ရွှေငွေများ

\- စိမ်းစိမ်းရယ် စို  
ပင်ပျိုတွေ ငွားငွားစွင့်၊  
ရှုမောဖွယ် မဆုံးအောင်  
ဆင်ထုံးထားခွင့်။

\- လယ်ယာမြေ အနေတင့်အောင်  
ပင်မြင့်မြင့် ထိုးထွက်လာ  
စပါးပင်ပါ၊  
လိုအပ်မှု ဖြည့်စွက်ကာ  
နေရောင်ဖြာ ရေဖြည့်သွင်း၊  
ဖယ်ရှားပေါင်းပင်  
လယ်သမားအကြောင်းထင် အောင်မြင်မှုအတွက်  
ပြုလုပ်နေခြင်း။

\- တို့တောရွာ လယ်ယာအခင်း  
ပြိုင်ဘက်ကင်း အလှပန်းချီ၊  
ငွေပင်ဝယ် ရွှေရောင်ပွင့်လို့  
ဂုဏ်တင့်စေရည်၊  
တောင်သူကြီးတို့ အားမာန်ချီ  
မြန်ပြည်ကို အကျိုးပြုရေး၊  
တောခလေ့မှာ  
သဘောတွေ့စရာ စိုက်ပျိုးထားတယ်  
စပါးတဲ့လေး။ ။

ဗေဒါမောင်(ပညာရေး)

## မင်းလှမြို့နယ် ကန်တုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**မင်းလှ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်တုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ကန်တုတ်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၁၂ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်တုတ်ကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၂၁၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ဖို့ဒ်ဟုဒ်စစ်စခန်းပစ်ခတ်မှု တရားခံကို လက်မရှိ့သေနတ်ပစ်အဖွဲ့ဖြင့် ကွပ်မျက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သဘောတူ

**ဝါရှင်တန် အောက်တိုဘာ ၆**

၂၀၀၉ ခုနှစ်အတွင်း စစ်စခန်း သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သော အမေရိကန်ကြည်းတပ် စိတ်ကျန်းမာရေး ဆရာဝန် နီဒယ်လ်ဟာစန်းကို လက်မရှိ့ သေနတ်ပစ်အဖွဲ့ဖြင့် ကွပ်မျက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၅ ရက်တွင် သဘောတူခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နီဒယ်လ်ဟာစန်းကို ကွပ်မျက်မည့်အစီအစဉ်သည် အမေရိကန်တပ်မတော်က ၁၉၆၁ ခုနှစ်နောက်ပိုင်း ပထမဆုံးပြုလုပ်မည့် သေဒဏ်စီရင်ကွပ်မျက်မှု ဖြစ်လာမည်ဖြစ်သည်။

နီဒယ်လ်ဟာစန်းသည် ၂၀၀၉ ခုနှစ်တွင် တက္ကဆက်ပြည်နယ် ဖို့ဒ်ဟုဒ်စစ်စခန်း၌ သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံး၍ နှစ်ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့သည်။

နီဒယ်လ်ဟာစန်းကို ကွပ်မျက်မည့်အချိန်နှင့် နေရာတို့ကို အမေရိကန် ကြည်းတပ်က သတ်မှတ်မည် ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

နီဒယ်လ်ဟာစန်းကို အယ်လ်ခိုင်ဒါဩဇာမကင်းသည့် အစုအဖွဲ့လိုက် သေနတ်ပစ်ခတ်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် စစ်ခုံရုံးတစ်ရုံးက သေဒဏ်ချမှတ်ခဲ့သည်။

ပါလက်စတိုင်းနွယ်ဖွား အမေရိကန်နိုင်ငံသား နီဒယ်လ်ဟာစန်းသည် အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကို အမေရိကန်တပ်မတော် သိမ်းပိုက်ခဲ့မှုကို ဆန့်ကျင်သူတစ်ဦးဖြစ်ကြောင်း စစ်ခုံရုံး၏ အဆိုအရသိရသည်။

Ref : Xinhua

Trs : KKO

# စပိန်အထွေထွေရွေးကောက်ပွဲများ သတ်မှတ်ချိန်ထက်စော၍ ကျင်းပမည်



**မက်ဒရစ် အောက်တိုဘာ ၆**

အထွေထွေ ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ဆန်းချက်ဇ်က အောက်တိုဘာ ၅ ရက်တွင် ကြေညာခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စပိန်နိုင်ငံတစ်ဝန်း၌ အိုးအိမ်အကျပ်အတည်းနှင့် ပတ်သက်၍ ဆန္ဒပြပွဲများ ဖြစ်ပွားနေချိန်တွင် အထွေထွေ ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပရန် စပိန်ဝန်ကြီးချုပ်က စီစဉ်ထားခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဆန်းချက်ဇ်၏ ကြေညာချက်အရ စပိန်အထွေထွေရွေးကောက်ပွဲများကို မူလစီစဉ်ထားသည်ထက် ရှစ်လစော၍ လာမည့်နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်လက မက်ဒရစ်မြို့၌ အသက် ၈၇ နှစ်ရှိ အဘွားအိုတစ်ဦး၏ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော နေအိမ်မှနှင်ထုတ်ခံရပြီးနောက် စပိန်နိုင်ငံတစ်ဝန်းလုံး၌ အိုးအိမ်အကျပ်အတည်းနှင့် ပတ်သက်၍ ဆန္ဒပြပွဲများစတင်ဖြစ်ပွားခဲ့သည်။

ဝန်ကြီးချုပ် ဆန်းချက်ဇ်ဦးဆောင်သော စပိန်အစိုးရအဖွဲ့သည် အိုးအိမ်ပြဿနာကို ဖြေရှင်းရေးအတွက် အရေးပေါ်အဆိုပြုချက်တစ်ရပ်ကို လွှတ်တော်သို့ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တင်ပြခဲ့သော်လည်း လက်ယာယိမ်းအတိုက်အခံ ပါတီများက ပယ်ချခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အဆောက်အအုံနှစ်လုံးကို ယူကရိန်းတိုက်ခိုက်ခဲ့ဟု ရုရှားအစိုးရပြောကြား



**မော်စကို အောက်တိုဘာ ၆**

ရုရှားတပ်များ ထိန်းချုပ်ထားသော ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အဆောက်အအုံနှစ်လုံးကို ယူကရိန်းတပ်မတော်က အောက်တိုဘာ ၅ ရက်တွင် မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရုရှားအစိုးရ ရိုဆာတမ် နျူကလီးယား စွမ်းအင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် ယူကရိန်း၏ အဆိုပါ တိုက်ခိုက်မှုကြောင့် နျူကလီးယား လုံခြုံရေးအတွက် ပြဿနာမရှိခဲ့ကြောင်း ရိုဆာတမ်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်း၏ မောင်းသူမဲ့ဒရုန်းယာဉ်တိုက်ခိုက်မှုအတွင်း ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဝန်ထမ်းများအတွက် အစားအစာများပေးပို့နေသော ယာဉ်မောင်းတစ်ဦးသေဆုံးခဲ့ကြောင်း ရိုဆာတမ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းနိုင်ငံက ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် နေရာများမှာ ဓာတ်ခွဲခန်း အဆောက်အအုံတစ်လုံးနှင့် ရေဒီယိုသတ္တိကြွ အညစ်အကြေး သန့်စင်ရေးစက်ရုံတစ်ရုံတို့ဖြစ်သည်ဟု ရိုဆာတမ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားဝန်းကျင်မှ ဟူသီလက်နက်ကိုင်အဖွဲ့များ ယီမင်အစိုးရထိုးစစ်ကြောင့် ဆုတ်ခွာ

**အေဒင် အောက်တိုဘာ ၆**

ဆော်ဒီအာရေဗျ ကျောထောက်နောက်ခံပြု ယီမင်အစိုးရတပ်များသည် ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားဝန်းကျင်ရှိ ကမ်းရိုးတန်းဒေသများ ပြန်လည်ရယူရေးအတွက် ထိုးစစ်တစ်ခုကို အောက်တိုဘာ ၅ ရက်တွင် ဆင်နွှဲခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယီမင်အစိုးရတပ်များ၏ အဆိုပါ ထိုးစစ်ကြောင့် အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့သည် ပြီးခဲ့သည့်လအတွင်း ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေအများစုမှ ဆုတ်ခွာပေးခဲ့ကြောင်း ယီမင်အစိုးရအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယီမင်အစိုးရတပ်များ၏ ထိုးစစ်ကို တုံ့ပြန်သည့်အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ ကင်းခါလစ်နိုင်ငံတကာလေဆိပ်၊ ရာဘစ်ဂ်မြို့ရှိ အာရမ်ကိုကုမ္ပဏီပိုင် ရေနံချက်စက်ရုံတစ်ရုံတို့ကို တိုက်ခိုက်ခဲ့ကြောင်း ဟူသီလက်နက်ကိုင်အဖွဲ့က ကြေညာထားသည်။

ဟူသီလက်နက်ကိုင် အဖွဲ့၏ အဆိုပါ ကြေညာချက်နှင့် ပတ်သက်၍ ဆော်ဒီအာရေဗျ အစိုးရနှင့် အာရမ်ကိုရေနံကုမ္ပဏီတို့က တစ်စုံတစ်ရာတုံ့ပြန်ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

အောက်တိုဘာ ၅ ရက် ထိုးစစ်အတွင်း ယီမင်အစိုးရတပ်များသည် မိုချာဆိပ်ကမ်းမြို့ ဆင်ခြေဖုံးဒေသများထိရောက်ရှိခဲ့ရာ ဟူသီလက်နက်ကိုင်အဖွဲ့များ ကုန်းမြင့်ဒေသများဘက်သို့ ဆုတ်ခွာသွားသည်ဟု ယီမင်အစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# နိုင်ဂျီးရီးယား တပ်မတော်လေယာဉ်တစ်စင်းပျက်ကျ လိုက်ပါလာသူ ၂၅ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးသေဆုံး

**လာဂို့စ် အောက်တိုဘာ ၆**

ဘီနင်းမြို့မှ လာဂို့စ်မြို့သို့ ပျံသန်းလာသော နိုင်ဂျီးရီးယား တပ်မတော် လေယာဉ်တစ်စင်းသည် နိုင်ဂျီးရီးယားအနောက်တောင်ပိုင်း အွန်ဒိုပြည်နယ်၌ အောက်တိုဘာ ၅ ရက်တွင် ပျက်ကျခဲ့ရာ လိုက်ပါလာသူ ၂၅ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




အဆိုပါလေယာဉ်သည် ပုံမှန်လုပ်ငန်းစဉ်အတိုင်း ဘီနင်းမြို့မှ လာဂို့စ်မြို့သို့ ပျံသန်းနေချိန်တွင် အွန်ဒိုပြည်နယ် အစ်ဂ်ဘိုကိုဒါမြို့အနီး၌ ပျက်ကျခဲ့ကြောင်း နိုင်ဂျီးရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ အေတီအာရ်-၄၂ ခရီးသည်တင် လေယာဉ်ဖြစ်ကြောင်း နိုင်ဂျီးရီးယားတပ်မတော်၏ အဆိုအရ သိရသည်။

လက်ရှိတွင် အဆိုပါအေတီအာရ်-၄၂ ခရီးသည်တင်လေယာဉ် ပျက်ကျရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း နိုင်ဂျီးရီးယားလေကြောင်း ဝန်ကြီးဌာန ဝန်ကြီးဖက်စတပ်စ်ကီယာမိုက ပြောကြားထားသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုသည် နိုင်ဂျီးရီးယားနိုင်ငံအတွက် မကြာသေးမီ နှစ်များအတွင်း အသေအပျောက်အများဆုံး လေယာဉ်ပျက်ကျမှုဖြစ်သည်။

နိုင်ဂျီးရီးယား တပ်မတော်သည် ယခင်က အေတီအာရ်-၄၂ လေယာဉ်များကို ထောက်လှမ်းရေးလုပ်ငန်းများ၊ ကင်းထောက်လုပ်ငန်းများ၊ တပ်ဖွဲ့ဝင်နှင့် ရိက္ခာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# နျူထရွန်ကြယ်တစ်စင်းကိုလှည့်ပတ်နေသော အဖြူရောင်ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**ဝါရှင်တန် အောက်တိုဘာ ၆**

နျူထရွန်ကြယ်တစ်စင်းကို လှည့်ပတ်နေသော အဖြူရောင်ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ နှစ်စင်းတွဲကြယ်စနစ်ကို NGC-362 D ဟူ၍ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

NGC-362 D နှစ်စင်းတွဲကြယ်စနစ်အတွင်းရှိ အဖြူရောင် ကြယ်သိမ်သည် အပေါ်ယံဓာတ်ငွေ့လွှာများအား နျူထရွန်ကြယ်က ဝါးမျိုခဲ့ပြီးနောက် ကြယ်သက်ကုန်ဆုံး၍ အဖြူရောင်ကြယ်သိမ်အဖြစ် ပြောင်းလဲခဲ့ရခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် NGC-362 D နှစ်စင်းတွဲကြယ်စနစ်ကို တောင်အာဖရိက အခြေစိုက် မီရာကတ် ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ခဲ့ခြင်းဖြစ်သည်။

NGC-362 D နှစ်စင်းတွဲကြယ်စနစ်အတွင်း၌ နျူထရွန်ကြယ်မှာ ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် ရှစ်ဆမှ ၁၂ ဆထိ ကြီးမားသော ကြယ်တစ်စင်းက စူပါနိုဗာကြယ်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ပေါ်ထွက်လာသည့် နျူထရွန်ကြယ်ဖြစ်ကြောင်း သိရသည်။

၎င်းနျူထရွန်ကြယ်သည် အရွယ်အစားအားဖြင့် အချင်း ၁၂ မိုင်မျှသာရှိသော်လည်း သိပ်သည်းဆ လွန်စွာကြီးမားသည်ဟု သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# ပဋိဇီဝကုထုံးရယူချိန် သကြားဓာတ်စားသုံးပါက အစာခြေလမ်းကြောင်းဘက်တီးရီးယားစုဖွဲ့မှု ပျက်စီးနိုင်

**နယူးယောက် အောက်တိုဘာ ၆**

ပဋိဇီဝကုထုံး ရယူနေချိန်တွင် သကြားဓာတ်စားသုံးပါက အစာခြေလမ်းကြောင်း ဘက်တီးရီးယားစုဖွဲ့မှုစနစ်များ ပျက်စီးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆေးရုံတက်ကင်ဆာလူနာ ၁၇၃ ဦးတို့၏ နေ့စဉ်အစားအစာ စားသောက်ပုံနှင့် အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယား စုဖွဲ့မှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပဋိဇီဝကုထုံး ရယူနေချိန်တွင် သကြားဓာတ်များသည့် အစားအစာများ စားသုံးပါက အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံ ပျက်ပြားသွားတတ်ကြောင်း၊ ထို့ပြင် အစာခြေလမ်းကြောင်းစနစ်၌ ကုသရန်ခက်ခဲသည့် ကူးစက်ရောဂါများနှင့် ဆက်စပ်နေသော Enterococcus Faecium ခေါ် ဘက်တီးရီးယားမျိုးစိတ် ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ပဋိဇီဝကုထုံးများ ရယူနေချိန်တွင် သကြားဓာတ်ပါဝင်သော အစားအစာများကို ရှောင်ရှားခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှု စနစ်ဟန်ချက်ကို ထိန်းထားနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# ချန်အာ-၆ လဆင်းယာဉ်ကပေးပို့ခဲ့သော လကမ္ဘာကျောက်သားနမူနာများထဲတွင် လကမ္ဘာ၏ သံလိုက်စက်ကွင်းသဲလွန်စများတည်ရှိသည့် အိုင်ယွန်များ ပါဝင်နေ

**ပေကျင်း အောက်တိုဘာ ၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ချန်အာ-၆ လဆင်းယာဉ်က ပေးပို့ခဲ့သော လကမ္ဘာကျောက်သား နမူနာများထဲတွင် လကမ္ဘာ၏ သံလိုက်စက်ကွင်းနှင့် ပတ်သက်နေသော သဲလွန်စများ တည်ရှိသည့် အိုင်ယွန်များ ပါဝင်နေကြောင်း အောက်တိုဘာ ၅ ရက် သတင်းများအရ သိရသည်။

ချန်အာ-၆ လဆင်းယာဉ်က ပေးပို့ခဲ့သော လကမ္ဘာကျောက်သားနမူနာများအတွင်း တည်ရှိနေသော အထက်ပါသတ္တုအိုင်ယွန်မှုန်များကို တရုတ်နိုင်ငံ ဟိုင်ဖိုင်ရူပသိပ္ပံအင်စတီကျုမှ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းလကမ္ဘာကျောက်သားနမူနာများတွင် ပါဝင်သည့် ဖန်မှုန်များထဲတွင် လကမ္ဘာသံလိုက်စက်ကွင်း သမိုင်းကြောင်း၏ သတင်းအချက်အလက်များ သိမ်းဆည်းထားသော သတ္တုအိုင်ယွန်များ တည်ရှိနေကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။




အထက်ပါ သတ္တုအိုင်ယွန်များရှိနေသည့်ဖန်မှုန်များသည် ဂြိုဟ်သိမ်ဝင်တိုက်မှုကဲ့သို့ စွမ်းအင်မြင့်မားသည့်ဖြစ်စဉ်များကြောင့် ပေါ်ထွက်လာသည့်ဖန်မှုန်များဖြစ်ကြသည်။

သို့ဖြစ်ရာ ၎င်းဖန်မှုန်များအတွင်းရှိ သတ္တုအိုင်ယွန်များသည် ဖန်မှုန်များ ပေါ်ထွက်လာသည့်ကာလ၏ လကမ္ဘာသံလိုက်စက်ကွင်းအခြေအနေကို ပြသနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကျောက်သားနမူနာများ၌ တွေ့ရှိရသည့်အထက်ပါ သတ္တုအိုင်ယွန်များကို လကမ္ဘာသံလိုက်စက်ကွင်း၏ ရုပ်ကြွင်းများအဖြစ် မှတ်ယူနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# ကိုယ်အလေးချိန်လျှော့ချရေး ထိုးဆေးများကြောင့် လက်သည်းကျွတ်ထွက်မှုပြဿနာ ပေါ်လာနိုင်

**ဗီယင်နာ အောက်တိုဘာ ၆**

ကိုယ်အလေးချိန်လျှော့ချရေး ဆေးများသုံးစွဲမှုကြောင့် လက်သည်းကျွတ်ထွက်မှုပြဿနာ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြီးယား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန် လျှော့ချရေး ထိုးဆေးများသုံးစွဲနေကြသည့် လူနာများအနက် ၆၀ ရာခိုင်နှုန်းတို့မှာ လက်သည်းကျွတ်ထွက်မှုပြဿနာ၊ လက်သည်းများ အရောင်ပျက်မှု ပြဿနာများနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

Ozempic နှင့် Wegovy ကဲ့သို့သော ကိုယ်အလေးချိန် လျှော့ချရေး ထိုးဆေးများကြောင့် အာဟာရချို့တဲ့မှုပြဿနာပေါ်ထွက်လာနိုင်ပြီး အကျိုးဆက်အားဖြင့် Keratin ခေါ် ပရိုတင်းတစ်မျိုး ဆုံးရှုံးသွားနိုင်ကြောင်း၊ Keratin ပရိုတင်းများသည် လက်သည်းများပေါ်ထွက်လာရေးအတွက် လိုအပ်သည့်ပရိုတင်းများဖြစ်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ GLP-1 ကိုယ်အလေးချိန် လျှော့ချရေးထိုးဆေးမသုံးစွဲသူများအနက် ၅၃ ရာခိုင်နှုန်းတွင် လက်သည်းပြဿနာများ ပေါ်ထွက်တတ်သော်လည်း အထက်ပါ ထိုးဆေးသုံးစွဲသူများအနက် ၆၆ ရာခိုင်နှုန်းထိမှာ လက်သည်းပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

သုတေသန ပညာရှင်များသည် ကိုယ်အလေးချိန် လျှော့ချရေး ထိုးဆေး သုံးစွဲနေကြရသည့် လူနာ ၅၇၅ ဦးကို ဆေးမသုံးစွဲသူများနှင့် နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ကမ္ဘာပေါ်၌ ပထမဆုံးတိရစ္ဆာန်များ ပေါ်ထွက်လာချိန်က မူလတွေးထင်ထားသည်ထက် နှစ်ပေါင်း သန်း ၂၀၀ ထိ ပိုစောနိုင်

**လန်ဒန် အောက်တိုဘာ ၆**

ကမ္ဘာပေါ်၌ ပထမဆုံး တိရစ္ဆာန်များ ပေါ်ထွက်လာချိန်သည် မူလတွေးထင်ထားသည်ထက် နှစ်ပေါင်း သန်း ၂၀၀ ထိ ပိုစောနိုင်ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ ကမ္ဘာဂြိုဟ်၏ ပထမဆုံး တိရစ္ဆာန်များသည် လွန်ခဲ့သောနှစ်ပေါင်း ၅၇၄ သန်းခန့်ကာလ အီဒီယာကာရန်ဘူမိခေတ်အတွင်း စတင်ပေါ်ထွက်ခဲ့သည်ဟု ယခင်က မှတ်ယူထားခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံဖန်တီးလေ့လာမှုများအရ ကမ္ဘာပေါ်၌ အစောဆုံး တိရစ္ဆာန်များပေါ်ထွက်လာချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း သန်း ၈၀၀ နှင့် ၇၀၀ ကြားတွင် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

မိမိတို့၏ အထက်ပါ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်၏ ရှေးအကျဆုံး တိရစ္ဆာန်များမှာ အီဒီယာကာရန် ဘူမိခေတ်မတိုင်မီ နှစ်ပေါင်း သန်း ၂၀၀ ခန့်ကပင် ပေါ်ထွက်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လက်ရှိအချိန်တွင် သိပ္ပံပညာရှင်များအနေဖြင့် အီဒီယာကာရန် ဘူမိခေတ်မတိုင်မီကာလက သက်ရှိတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း၊ အဆိုပါကာလ ဓာတုရုပ်ကြွင်းများနှင့် ဇီဝအမှတ်အသားများသည် ၎င်းကာလအတွင်း သက်ရှိများတည်ရှိမှု၏ အထောက်အထားများ ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ရောဝတီယူနိုက်တက်အသင်းအနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်းသိရသည်။



မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီက ဗဟန်းအားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ရောဝတီယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ကောင်းမြတ်စံ၊ ပွဲချိန် ၁၆ မိနစ်တွင် ခွန်ရဲသူအောင်၊ ပွဲချိန် မိနစ် ၆၀ တွင် ထက်အောင်လွင်တို့ကသွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၃ မိနစ်တွင် လွမ်းယာဂျင်၊ ပွဲချိန် ၅၉ မိနစ်တွင် သန်းနိုင်တို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် သုံးမိနစ်တွင် စိုးမောင်မောင်က သွင်းယူခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ်၉၀ ပြည့်ပြီးအချိန်ပို သုံးမိနစ်တွင် ဖြိုးဝဏ္ဏစိုးက သွင်းယူခဲ့သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် အောက်တိုဘာ ၇ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။ STA

# ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်းကို စာချုပ်သစ် ချုပ်ဆိုရန်သဘောတူညီမှုရရှိ

**ဘာလင် အောက်တိုဘာ ၆**

ဘိုင်ယန်မြူးနစ် အသင်းက အသင်းမှ အဓိကကစားသမား တစ်ဦးဖြစ်သည့် ဟယ်ရီကိန်းကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်သစ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း Sky Germany သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ်က စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီ တိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့သူဖြစ်ပြီး အစောပိုင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုနှစ်ဘောလုံးရာသီ အစပိုင်းက ဟယ်ရီကိန်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ၂၀၂၉ ခုနှစ် ဇွန်လထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ ခုနှစ် ဇွန်လကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းကို ခေါ်ယူလိုသည့်အသင်းများ ရှိနေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ လေးရာသီအတွင်းပြိုင်ပွဲစုံ ၁၅၄ ပွဲတွင် ၁၅၂ ဂိုး သွင်းယူထားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက်လည်း ရေပန်းစားနေသူဖြစ်ကြောင်း သိရသည်။

Ref : Sky Germany

Trs : STA

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ မြန်မာအမျိုးသားအသင်း အဆင့်(၁၅၉)နေရာတွင်ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ အောက်တိုဘာလအတွက် လက်ရွေးစင် အမျိုးသားအသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ မြန်မာအသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁၅၉) နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း အာဆီယံဒေသတွင်းနိုင်ငံများသည် ဖီဖာအသိအမှတ်ပြုပြိုင်ပွဲဖြစ်သည့် FIFA-ASEAN Cup ပြိုင်ပွဲ ကစားခဲ့ကြသည့်အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း အပြောင်းအလဲအနည်းငယ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် စက်တင်ဘာလက FIFA-ASEAN Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကစားခဲ့ရာ တီမောလက်စ်တေအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်၌ ရမှတ် ၁၀၀၈ ဒသမ ၈ မှတ်ဖြင့် ကမ္ဘာ့အဆင့် (၁၅၉)နေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှ အာဆီယံဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၉၃)ဖြင့် အာဆီယံအဆင့်(၁)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၉၉)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၁၇)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၃၃)ဖြင့် အာဆီယံအဆင့်(၄)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၁၃၆)ဖြင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၄၉)ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၁၅၉)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၇၇)ဖြင့် အာဆီယံအဆင့်(၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၈၈)ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၉၆)ဖြင့် အာဆီယံအဆင့်(၁၀)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၂၀၂)ဖြင့် အာဆီယံအဆင့်(၁၁) နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

STA

# တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်တွင် အန်ဒရီဗာနှင့် အဲလက်ဇန်ဒရိုဗာတို့တွေ့ဆုံ





**ပေကျင်း အောက်တိုဘာ ၆**

တရုတ်နိုင်ငံတွင် ကျင်းပနေသည့် တရုတ်အိုးပင်းအမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ်များဖြစ်သည့် အန်ဒရီဗာနှင့် အဲလက်ဇန်ဒရိုဗာတို့ တွေ့ဆုံနေကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်တွင် အဲလက်ဇန်ဒရိုဗာသည် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၅)သတ်မှတ်ခံထားရသည့် ချက်တင်းနစ်မယ် နော့စ်ကိုဗာနှင့် ကစားခဲ့ရာ (၆-၂)၊ (၆-၂) ရလဒ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၄)အဖြစ် သတ်မှတ်ခံထားရသည့် အန်ဒရီဗာသည်လည်း ပြိုင်ပွဲတစ်လျှောက် ရလဒ်ကောင်းများ ရယူခဲ့ပြီး ၁၆ ဦး ရှုံးထွက်အဆင့်တွင်လည်း ယူကရိန်းတင်းနစ်မယ် စီနီဂူယာနှင့်ကစားခဲ့ရာ (၆-၂)၊ (၆-၂) ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အန်ဒရီဗာနှင့် အဲလက်ဇန်ဒရိုဗာတို့သည် တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် အောက်တိုဘာ ၈ ရက်တွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

# UFC 336 ပြိုင်ပွဲတွင် တိုပူရီးယားနှင့် ပါနက်ဆီတို့ ထိုးသတ်ရန် သဘောတူညီမှုရရှိ

**ဝါရှင်တန် အောက်တိုဘာ ၆**

UFC 336 ပြိုင်ပွဲတွင် ဂျော်ဂျီယာဖိုက်တာ တိုပူရီးယားနှင့် ပြင်သစ်ဖိုက်တာ ပါနက်ဆီတို့ထိုးသတ်ရန် သဘောတူညီမှု ရရှိထားကြောင်း MMA Tales သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

UFC 336 ပြိုင်ပွဲကို လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ပြီး တိုပူရီးယားနှင့် ပါနက်ဆီတို့သည် သဘောတူညီမှု ရရှိခဲ့သည့် အဆင့်သာဖြစ်ပြီး ပါနက်ဆီဘက်မှ အတည်ပြုထားသော်လည်း UFC ဘက်မှ အတည်ပြု ထုတ်ပြန်ထားခြင်းမရှိသေးဘဲ အသေးစိတ် အချက်အလက်များကို UFC မှ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။





တိုပူရီးယားသည် ပြီးခဲ့သည့် ဇွန်လက UFC Freedom 250 ပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ ဂျက်စတင်ဂေဂျီနှင့် UFC ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံခါးပတ် လက်လွှတ်ခဲ့ရသူဖြစ်သည်။

ထို့နောက် တိုပူရီးယားကိုယ်တိုင်က ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်ထိုးသတ်မည်ဟု အတည်ပြုထားပြီး ယခုအခါ ပါနက်ဆီနှင့် ထိုးသတ်ရန် သဘောတူညီမှု ရရှိထားခြင်းဖြစ်သည်။

ပါနက်ဆီသည် နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၅ ရက်ကကျင်းပခဲ့သည့် UFC Fight Night ပြိုင်ပွဲတွင် နယူးဇီလန်ဖိုက်တာ ဒန်ဟွတ်ကာနှင့် ထိုးသတ်ခဲ့ရာ ပထမအချီတွင်အလဲထိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : MMA Tales

Trs : STA

# ကိုယ်ပျောက်တိုက်လေယာဉ်များကို ညအချိန်ရှာဖွေနိုင်ရန် Lidar စနစ်ကို တရုတ်သုတေသီများ လေ့လာ



တရုတ်နိုင်ငံ လေကြောင်းချီဒုံးကျည် အကယ်ဒမီမှ သုတေသီများသည် အသံထက်မြန်နှုန်းဖြင့် ပျံသန်းနေသည့် အမေရိကန် F-35 တိုက်လေယာဉ်ကဲ့သို့သော ကိုယ်ပျောက်တိုက်လေယာဉ်များကို ညအချိန်တွင် ရှာဖွေထောက်လှမ်းနိုင်ရန် Single-Photon Lidar တစ်ဖိုတွန်အဆင့် လေဆာအလင်းပြန် တိုင်းတာစနစ်ကို လေ့လာဖော်ထုတ်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေကြောင်းချီဒုံးကျည်အကယ်ဒမီသုတေသီများသည် ဒုံးကျည်များတွင် တပ်ဆင်အသုံးပြုနိုင်သည့် Single-Photon Lidar စနစ်တစ်မျိုးကို ကွန်ပျူတာစံပြုလေ့လာတွက်ချက်ခဲ့သည်။ ထိုစနစ်သည် 1064 nanometers လှိုင်းအလျားရှိ လေဆာအလင်းကိုအသုံးပြုရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

Lidar (Light Detection and Ranging) စနစ်သည် ပစ်မှတ်ထံသို့ လေဆာအလင်းတန်းတိုများပစ်လွှတ်ပြီး ပစ်မှတ်မှ ပြန်လည်ရောက်ရှိလာသည့် အလင်းပမာဏကို တိုင်းတာခြင်းဖြင့် ပစ်မှတ်၏ တည်နေရာနှင့် အကွာအဝေးကိုရှာဖွေသည့် နည်းပညာဖြစ်သည်။ Single-Photon Lidar စနစ်သည် အလွန်အားနည်းသည့် အလင်းပြန်အချက်ပြမှုများကိုပင် ရှာဖွေနိုင်သဖြင့် အရွယ်အစားသေးငယ်သည့်အာရုံခံစနစ်များတွင်အသုံးချရန် တရုတ်သုတေသီများ စိတ်ဝင်စားမှု မြင့်မားလာခဲ့သည်။

ဒုံးကျည်တွင် တပ်ဆင်အသုံးပြုမည့် အာရုံခံစနစ်များအနေဖြင့် နေရာယူမှု၊ အလေးချိန်နှင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှုတို့အပေါ် တင်းကျပ်သည့် ကန့်သတ်ချက်များရှိသည်။ ထို့ကြောင့် တရုတ်သုတေသီများသည် အရွယ်အစားကြီးမားသည့် လေကြောင်းချီအာရုံခံစနစ်တစ်ခုအစား အရွယ်အစားသေးငယ်သည့် အလင်းအာရုံခံစနစ်တစ်ခုကို အခြေခံ၍ လေ့လာတွက်ချက်ခဲ့ကြသည်။

အဆိုပါ ကွန်ပျူတာစံပြုလေ့လာမှုတွင် 1 millijoule စွမ်းအင်ရှိသော လေဆာအလင်းတန်းများနှင့် ၁၀၀ မီလီမီတာ အချင်းရှိသည့် မှန်ဘီလူးကို အသုံးပြုထားသည်။ ထို့ပြင် လေထုအတွင်း လေဆာအလင်းဖြတ်သန်းနိုင်မှု၊ ကောင်းကင်နောက်ခံအလင်းနှင့် Detector မှ ထွက်ပေါ်နိုင်သည့် ဆူညံသံအချက်ပြမှုများကိုလည်း တွက်ချက်မှုတွင် ထည့်သွင်းထားသည်။

တရုတ်သုတေသီများသည် အာရုံခံကိရိယာ ပြန်လည်အသင့်ဖြစ်ရန် လိုအပ်သည့်အချိန်ကိုလည်း အထူးအာရုံစိုက်လေ့လာခဲ့ကြသည်။

ညအချိန်တွင် ရှာဖွေထောက်လှမ်းနိုင်သည့် အကွာအဝေး ၆၁ ကီလိုမီတာထိ တိုးမြင့် အလင်းရောင်အခြေအနေများသည် Lidar စနစ်၏ စမ်းသပ်တွက်ချက်ထားသည့် စွမ်းဆောင်ရည်အပေါ် သိသာစွာ သက်ရောက်မှုရှိကြောင်း တွေ့ရှိရသည်။ ကွန်ပျူတာစံပြု တွက်ချက်မှုအရ အဆိုပါ ပစ်မှတ်ရှာဖွေထောက်လှမ်းရေး ကိရိယာသည် နေ့အချိန်တွင် F-35C တိုက်လေယာဉ်ကို ၂၇ ဒသမ ၇ ကီလိုမီတာအကွာမှ ရှာဖွေတွေ့ရှိနိုင်ခဲ့သည်။

ညအချိန်တွင်မူ အမြင့်ဆုံးရှာဖွေထောက်လှမ်းနိုင်သည့် အကွာအဝေးသည် ၆၁ ဒသမ ၅ ကီလိုမီတာခန့်ထိ တိုးမြင့်လာခဲ့သည်။ နောက်ခံအလင်းရောင်လျော့နည်းသွားခြင်းကြောင့် Lidar အနေဖြင့် အားနည်းသည့် အလင်းပြန်အချက်ပြမှုများကို ရှာဖွေရာတွင် ပိုမိုရှင်းလင်းသည့် Optical Environment ကို ရရှိစေခဲ့ခြင်းဖြစ်သည်။

သုတေသီများသည် ပစ်မှတ်နှင့် ပိုမိုနီးကပ်သည့် အကွာအဝေးများတွင် ရရှိနိုင်မည့် ပစ်မှတ်အချက်အလက်များ၏ တိကျမှုကိုလည်း လေ့လာခဲ့သည်။ ၂၇ ဒသမ ၂ ကီလိုမီတာခန့်အကွာတွင် ပစ်မှတ်၏ အကွာအဝေးကို တိုင်းတာသည့် Depth Accuracy သည် ရှစ်လက်မခန့်ထိ တိကျနိုင်ကြောင်း တွက်ချက်ရရှိခဲ့သည်။

အလားတူ အကွာအဝေးတွင် ပစ်မှတ်အမျိုးအစားလိုက်ခွဲခြားသိရှိနိုင်စွမ်းသည် လက်မ ၂၀ ခန့်ရှိသည်။ ထိုသို့တိုင်းတာနိုင်မှုများကြောင့် ဒုံးကျည်၏ ပစ်မှတ်ရှာဖွေထောက်လှမ်းရေးကိရိယာအနေဖြင့် ပစ်မှတ်ရှိ၊ မရှိ ရှာဖွေခြင်းထက် ပိုမိုအသေးစိတ်သည့် ပစ်မှတ်အချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။ သို့သော် အဆိုပါကိန်းဂဏန်းများမှာ လက်တွေ့စမ်းသပ်မှုမှ ရရှိခြင်းမဟုတ်ဘဲ ကွန်ပျူတာစံပြုတွက်ချက်မှုအပေါ် အခြေခံထားသည့် ခန့်မှန်းချက်များသာဖြစ်သည်။

Lidar စနစ်၏ ရှာဖွေထောက်လှမ်းနိုင်သည့် အကွာအဝေး ပိုမိုရှည်လျားလာခြင်း တစ်ခုတည်းဖြင့် လေယာဉ်တစ်စင်းကို ရှာဖွေတွေ့ရှိနိုင်ရေးပြဿနာကို အလိုအလျောက် ဖြေရှင်းနိုင်မည်မဟုတ်ပေ။ Lidar စနစ်သည် ရေဒါကဲ့သို့ ကျယ်ပြန့်သည့် ဧရိယာကို တစ်ပြိုင်နက်ရှာဖွေခြင်း မပြုဘဲ ကျဉ်းမြောင်းသည့် လေဆာရောင်ခြည်ကို အသုံးပြုရခြင်းကြောင့်ဖြစ်သည်။

ယခု Lidar စနစ် လေ့လာမှုသည် လေကြောင်းမှ လေဆာနည်းပညာအသုံးပြုနိုင်မည့် အခြားနည်းလမ်းတစ်ရပ်ကို ရှာဖွေခြင်းဖြစ်ပြီး ကွန်ပျူတာစံပြုတွက်ချက်မှုမှရရှိသည့် စွမ်းဆောင်ရည်ကို လက်တွေ့အသုံးပြုနိုင်သည့် ဒုံးကျည်စနစ်တစ်ရပ်အဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် လက်တွေ့စမ်းသပ်မှုများ ထပ်မံပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**Chinese lidar laser sensor detects 1,200-mph US F-35 fighter from 38 miles at night** ကို ဘာသာပြန်ဆိုထားပါသည်။

# ထိုင်းနိုင်ငံက အမေရိကန်ထုတ် Boeing AH-6i Little Bird စစ်ဘက်သုံးရဟတ်ယာဉ်ရှစ်စင်း လက်ခံရရှိခဲ့

ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံထုတ် Boeing AH-6i Little Bird အမျိုးအစား စစ်ဘက်သုံးရဟတ်ယာဉ် ရှစ်စင်းကို Kerry Siam Seaport ဆိပ်ကမ်း၌ လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရဟတ်ယာဉ်များ လွှဲပြောင်းပေးအပ်မှုသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန် နိုင်ငံခြားစစ်ဘက်ပစ္စည်းရောင်းချရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

အဆိုပါအစီအစဉ်တွင် AH-6i စစ်ဘက်သုံးရဟတ်ယာဉ်များအပြင် အပိုပစ္စည်းများ၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် တိကျစွာပစ်ခတ်တိုက်ခိုက်နိုင်သည့် လက်နက်ခဲယမ်းများလည်း ပါဝင်သည်။ ၎င်းတို့တွင် AGM-114R Hellfire တာလတ်ပစ်ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များနှင့် Advanced Precision Kill Weapon System (APKWS) ပဲ့ထိန်းဒုံးကျည်များ ပါဝင်သည်။

ထို့ပြင် M134 Mini Gun စက်သေနတ်များ၊ လက်နက်တပ်ဆင်ပစ်လွှတ်စနစ်များ၊ လေယာဉ်အမှုထမ်းများအတွက် ဆက်စပ်ပစ္စည်းများ၊ နည်းပညာအကူအညီများနှင့် မြေပြင်ထောက်ပံ့ရေးကိရိယာများလည်း ထည့်သွင်းပေးအပ်ထားသည်။ AH-6i စစ်ဘက်သုံး ရဟတ်ယာဉ်များသည် တပ်ဖွဲ့အတွင်း စတင်တာဝန်ပေးပြီးနောက် ထိုင်းတော်ဝင်ကြည်းတပ်၏ သက်တမ်းရင့် Bell AH-1F Cobra တိုက်ခိုက်ရေးရဟတ်ယာဉ် ခုနစ်စင်းနေရာတွင် အစားထိုးမည်ဖြစ်သည်။ အဆိုပါ AH-1F ရဟတ်ယာဉ် ခုနစ်စင်းအနက် လက်ရှိတွင် သုံးစင်းသာ စစ်ဆင်ရေးအတွက် အသုံးပြုနိုင်သည့်အခြေအနေရှိကြောင်း သိရသည်။

ယခုအမေရိကန်ထုတ်AH-6i စစ်ဘက်သုံးရဟတ်ယာဉ်များကို အထူးစစ်ဆင်ရေးတပ်ဖွဲ့များ၊ သံချပ်ကာခြေလျင်တပ်ဖွဲ့များနှင့် နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့များကို ထောက်ပံ့ပေးရန် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Kerry Siam ဆိပ်ကမ်း၌ AH-6i စစ်ဘက်သုံးရဟတ်ယာဉ်များ လက်ခံရရှိပြီးနောက် ထိုင်းတော်ဝင်ကြည်းတပ်သည် AH-6i စစ်ဘက်သုံးရဟတ်ယာဉ်ကို အသုံးပြုသည့် ဒုတိယမြောက် နိုင်ငံတကာဖောက်သည်ဖြစ်လာသည်။ ယခင်က AH-6i စစ်ဘက်သုံးရဟတ်ယာဉ်ကို ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားအစောင့်တပ်ဖွဲ့က အသုံးပြုလျက်ရှိသည်။



ထိုင်းတော်ဝင်ကြည်းတပ်သည် မိမိတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် လက်နက်တပ်ဆင်ထားသည့်ကင်းထောက်ရဟတ်ယာဉ် စုစုပေါင်း ၃၁ စင်း ရရှိရန် ရည်မှန်းထားသော်လည်း နောင်တိုးချဲ့ဝယ်ယူမည့် အစီအစဉ်များမှာ ဘတ်ဂျက်ခွင့်ပြုချက်များအပေါ် မူတည်နေမည်ဖြစ်သည်။ ယခု AH-6i စစ်ဘက်သုံးရဟတ်ယာဉ်များ ပေးအပ်မှုသည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် Mesa မြို့ရှိ Boeing ကုမ္ပဏီ၏ AH-6i စစ်ဘက်သုံး ရဟတ်ယာဉ် ထုတ်လုပ်ရေးလိုင်းကို ရပ်ဆိုင်းရန်ပြင်ဆင်နေချိန်တွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအတွက် လက်ရှိမှာယူထားသည့် ရဟတ်ယာဉ်များကိုထုတ်လုပ်ပေးပို့မှုပြီးစီးသည့်အချိန်တွင် ထပ်မံမှာယူသည့် စာချုပ်များမရရှိပါက Boeing ကုမ္ပဏီက AH-6i စစ်ဘက်သုံး ရဟတ်ယာဉ် ထုတ်လုပ်ရေးလိုင်းကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**US Delivers 'Little Bird' Military Helicopters to Thailand** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရေရှည်တည်တံ့သော ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဆီသို့

ထက်ဝေအောင်(စစ်ကိုင်း)

မြန်မာနိုင်ငံသည် မြေယာအခြေပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံ့စီးပွားယန္တရားများကို လည်ပတ်စေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ စပါး၊ ဆန်၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများ ထွက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှ အသား၊ ငါး၊ ဥ၊ နို့များ ထွက်ရှိပေသည်။ ထမင်းနှင့်ဟင်းသည် မြန်မာလူမျိုးများ၏ နေ့စဉ်စားဖွယ်ရိက္ခာဖြစ်ပေသည်။ အာဟာရပြည့်ဝကျန်းမာမှသာ ကာယ၊ ဉာဏ ကောင်းစွာလည်ပတ် အလုပ်လုပ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ နေ့စဉ်ဘဝအတွက် စားရေရိက္ခာဖူလုံရန် လိုအပ်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ တိုးတက်ပြောင်းလဲလာမှုအလိုက်၊ လူဦးရေတိုးပွားမှုအခြေအနေများအလိုက် စားရေရိက္ခာ လိုအပ်ချက်များလည်း သိသာစွာမြင့်မားလာခဲ့သည်။ လူတိုင်းအတွက် နေ့စဉ်ရိက္ခာစားစရာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့်အာဟာရပြည့်ဝရေးဆိုင်ရာအာဟာရစံချိန်စံနှုန်းများ ပြည့်မီရေး အစိုးရ၏ဦးဆောင်မှုနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်များလည်းဖြစ်ပေသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ဒေသများအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မွေးမြူခြင်း၊ စီးပွားဖြစ်မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိကြပြီး နေ့စဉ်ဘဝ စားရေးလိုအပ်ချက်ပြည့်မီရေး အသား၊ ဥ၊ နို့များ ထုတ်လုပ်လျက်ရှိသည်။

မွေးမြူရေးကဏ္ဍသည် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုဖန်တီးပေးရုံသာမက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေသည်။ ပိုလျှံထွက်ရှိလာသော ထုတ်ကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရရှိစေသည်။ မွေးမြူရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနယ်ပယ်တစ်ခုဟုလည်း သတ်မှတ်နိုင်သည်။ မြန်မာနိုင်ငံအတွင်း မြစ်ချောင်းအင်းအိုင် ပေါကြွယ်ဝစွာတည်ရှိခြင်းနှင့် ကမ်းရိုးတန်းဒေသ ရှည်လျားစွာတည်ရှိခြင်းကြောင့် ရေချိုနှင့် ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စွမ်းရှိပေသည်။

မြန်မာနိုင်ငံအနေဖြင့် ငါး၊ ပုစွန် စားသုံးမှုအခြေအနေကို လေ့လာကြည့်ပါက လူတစ်ဦးချင်း၏ ငါးစားသုံးမှုပမာဏ အမြင့်ဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်နေသည်ကို တွေ့ရှိရသည်။ လူများသည် နေ့စဉ်အစားအစာတွင် ငါးနှင့် ပုစွန်ကို အဓိက အသားဓာတ် (Protein) ရင်းမြစ်ရရှိသဖြင့် မှီခိုအားထားကြသည်။ ငါးသည် ဆိတ်သား၊ ဝက်သား အခြားသောအသားများနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းသင့်တင့်ခြင်း၊ ဝယ်ယူစားသုံးရလွယ်ကူခြင်းနှင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော အသားတစ်မျိုးဖြစ်သည်။ ငါးနှင့် ပုစွန်သည် လူ့ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်၊ နှလုံးနှင့် အာရုံကြောလုပ်ငန်းများ ကောင်းမွန်စေရေးအတွက် လိုအပ်သည့် ဗီတာမင်ဒီ၊ ကယ်လ်စီယမ်၊ အိုမီဂါ-၃ ဖက်တီးအက်စစ်၊ ပိုတက်စီယမ်နှင့် အိုင်အိုဒင်းဓာတ် အစရှိသည့် အာဟာရဓာတ်များလည်း ကြွယ်ဝစွာပါရှိပေသည်။

သဘာဝဘေးအန္တရာယ်များကြောင့် သဘာဝရေပြင်မှငါး၊ပုစွန်ဖမ်းဆီးရရှိမှု လျော့နည်းလာသဖြင့် ပြည်တွင်းစားသုံးမှု လုံလောက်စေရေး ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို နည်းစနစ်တကျ တိုးချဲ့ဆောင်ရွက်လျက် ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပနိုင်ငံများသို့တင်ပို့နိုင်သည်ထိ အားထုတ်ကြရမည်ဖြစ်သည်။ သို့ဖြစ်၍ ငါး၊ ပုစွန် မွေးမြူခြင်းလုပ်ငန်းများကို နေရာအနှံ့အပြား စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်ပြီး အတ္တနှင့်ပရနှစ်ဖြာသောအကျိုးစီးပွားကို ဆောင်ရွက်ရမည်ဖြစ်သည်။ မွေးမြူသည့်လုပ်ငန်းရှင်များသည် ရေသယံဇာတအခြေခံတည်ရှိသည့် ဒေသများတွင် ငါးကြင်းအုပ်စုဝင်ဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးကြင်းနီ၊ ငါးခုံးမ အစရှိသည့် ငါးမျိုးများကို စနစ်တကျကန်များတူးဖော်၍ မွေးမြူထုတ်လုပ်ကြသကဲ့သို့ ကမ်းရိုးတန်းဒေသများတွင် ပုစွန်ကုလားအုတ်နှင့် ပုစွန်ဖြူ မွေးမြူရေးလုပ်ငန်းများကို ဇုန်များအလိုက် စနစ်တကျရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြသည်။ ခေတ်မီနည်းစနစ်များ၏အကူအညီဖြင့် ပုစွန်အထွက်နှုန်း တိုးတက်ကောင်းမွန်ရေး အရေးပါသည့်အစာကျွေးစနစ်များ၊ ရေအရည်အသွေးစစ်ဆေးသည့် ကိရိယာများနှင့် ရောဂါကာကွယ်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြသည်။

မွေးမြူထုတ်လုပ်ရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ မွေးမြူထုတ်လုပ်ရေးနည်းပညာများသည် ခေတ်မီတိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်အစာလုံလောက်ရုံမျှနှင့်မပြည့်စုံနိုင်ဘဲ ၎င်းတိရစ္ဆာန်အစာများမှ မည်မျှအသုံးချနိုင်မှုရှိသည် အစာခြေနိုင်စွမ်း သို့မဟုတ် မည်မျှအကျိုးသက်ရောက်မှုရှိသည် အသားတင်စွမ်းအင်တို့ကို သိရှိရန်လိုအပ်ပေသည်။ အသုံးပြုကျွေးမွေးသောအစာများ၏ အာဟာရဓာတ်ပြည့်ဝစွာပါဝင်သောစပ်စာများ ဖော်ထုတ်အသုံးပြုနိုင်မှုသည် မွေးမြူထုတ်လုပ်ရေးလုပ်ငန်း၏ အရေးပါသောအချက်များကို လုပ်ဆောင်မှုပင်ဖြစ်သည်။ တိရစ္ဆာန်များကို အစာတစ်မျိုးတည်း အမြဲတမ်းကျွေး၍ မွေးမြူမည်ဆိုပါက အာဟာရဓာတ်ချို့တဲ့မှုနှင့်စပ်လျဉ်းသည့်ရောဂါများ မလွဲမသွေဖြစ်ပေါ်လာနိုင်သည်။ အာဟာရဓာတ်များ ညီညွတ်မျှတစွာပါဝင်သောစပ်စာတစ်ခုကို ဖော်ထုတ်အသုံးပြုရန် လိုအပ်ပေသည်။



ကျွန်းစုမြို့နယ်ရှိ ပုစွန်မွေးမြူရေးလုပ်ငန်းကို တွေ့ရစဉ်။

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စွန့်ပစ်ရေကိုပြုပြင်ဖန်တီးထားသောအစာကို အသုံးပြုခြင်းဖြင့် စီးပွားရေးနှင့်လူမှုရေးကဏ္ဍတွင် အကောင်းဆုံးကုန်ကျစရိတ်နှင့် အကျိုးခံစားခွင့်အချိုးတို့ကို တစ်ပြိုင်တည်း ပံ့ပိုးပေးနိုင်သည်။ ငါးမွေးမြူရေးလုပ်ငန်းများ၏ လက်ရှိအခြေအနေတွင် နည်းပညာများအနက်မှတစ်ခုဖြစ်သော Biofloc မွေးမြူပြီး အစာအဖြစ် ကျွေးမွေးခြင်းစနစ်သည် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသည်။ Biofloc မွေးမြူခြင်းသည် ရေလဲလှယ်ရန် လိုအပ်မှုကိုလျှော့ချပြီး စားသုံးနိုင်သော အဏုဇီဝပရိုတင်းများကို ထုတ်လုပ်ခြင်းဖြင့် မွေးမြူရေး ငါး၊ ပုစွန်များ၏ အစာမှ အသားပြောင်းလဲခြင်းအချိုးကို လျှော့ချနိုင်သည့်အပြင် အစာဝယ်ယူရသည့် ကုန်ကျစရိတ်ကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။ Biofloc မွေးမြူသည့်နည်းပညာသည် ငါး၊ ပုစွန်များတွင် အစာအဖြစ် အသုံးချနိုင်ခြင်း၊ အစာမှ အသားတိုးနှုန်းအချိုး (Feed Conversion Ratio-FCR) လျှော့ချနိုင်ခြင်း၊ ပြင်ပမှ ရောဂါများ ဝင်ရောက်မှုကို တားဆီးကာကွယ်နိုင်ခြင်းနှင့် အထွက်နှုန်းတိုးတက်နိုင်ခြင်း အစရှိသောအကျိုးကျေးဇူးများရရှိစေနိုင်သည်။

မွေးမြူရေးလုပ်ငန်းရှင်၊ တောင်သူများအနေဖြင့် ရေထွက်ထုတ်ကုန်များ အရည်အသွေး မြင့်မားစွာ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများမှ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်ငါး၊ ပုစွန်သားပေါက်များ အလွယ်တကူရရှိရေးနှင့် သိပ္ပံနည်းကျမွေးမြူရေးပညာရပ်များ အသိပညာပေးဆောင်ရွက်ရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်း၏ ကုန်ကျစရိတ်ဖြစ်သည့် အစာဖိုးစရိတ်သက်သာစေရန် ပြည်တွင်း၌ ဈေးနှုန်းသင့်တင့်၊ အရည်အသွေးပြည့်မီသော မွေးမြူရေးအစာထုတ်လုပ်သည့် စက်ရုံများ ပိုမိုတိုးချဲ့တည်ဆောက်သွားရန် လိုအပ်သည်။ လုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့်လည်း လုပ်ငန်းများ ချဲ့ထွင်ရန်နှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်ရန်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေး ရင်းနှီးမြှုပ်နှံငွေ သို့မဟုတ် စိုက်ပျိုးမွေးမြူရေး ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် ချေးယူဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်း လမ်းဖွင့်ပေးရမည်ဖြစ်သည်။ ထုတ်ကုန်များကို ကုန်ကြမ်းအဖြစ်သာမကဘဲ အဆင်သင့်စားသုံးနိုင်သော သို့မဟုတ် ရေခဲသေတ္တာစနစ်ဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

အနှစ်ချုပ်အားဖြင့် မွေးမြူရေးလုပ်ငန်းရှင်များသည် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှသည် ပြည်ပနိုင်ငံများသို့တိုင် တင်ပို့ရောင်းချနိုင်ရန် လိုအပ်သဖြင့် ကောင်းမွန်သော ထုပ်ပိုးမှုစနစ်တစ်ခုထားရှိရန်လိုသည်။ နိုင်ငံတကာထုပ်ပိုးမှုပုံစံများကို လေ့လာကြည့်ပါက သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်သိမ်းဆည်းမှုများတွင် ပစ္စည်းများ မထိခိုက်အောင်၊ မကွဲရှအောင်နှင့် အစိုဓာတ်မဝင်အောင် ကာကွယ်ပေးနိုင်စွမ်းရှိကြသည်။ ထုပ်ပိုးမှုပုံစံသေချာခြင်းသည် ကုန်ပစ္စည်းပျက်စီးဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ပြီး အမြတ်ပိုကျန်စေသည်။ အလားတူ ထုပ်ပိုးမှုဒီဇိုင်းများ၏ ဆွဲဆောင်မှုအစွမ်းဖြင့် ကုန်ပစ္စည်းများ၏ တန်ဖိုးလည်း မြင့်တက်စေသည်။ စားသုံးသူများသည် မျက်စိဖြင့် ဈေးဝယ်ကြသဖြင့် ကုန်ပစ္စည်းထုပ်ပိုးမှုပုံစံကောင်းမွန်ပါက လက်ဆောင်ပေးရန်၊ မိမိအသုံးပြုရန် အလွယ်တကူ ဝယ်ယူလေ့ရှိကြသည်။ သို့ဖြစ်၍ စားရေးအထောက်အကူပြု မွေးမြူရေးလုပ်ငန်းတွင် ပါဝင်သည့် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည် တိုင်းပြည်၏ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်သူလူထု၏ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးကဏ္ဍကို ဖြည့်စွက်ကူညီနိုင်သဖြင့် ပိုမိုတိုးချဲ့မွေးမြူထုတ်လုပ်ကြရေး တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ငါး၊ ပုစွန် ထုတ်လုပ်မှုအတွက် ခေတ်မီပြီး ရေရှည်တည်တံ့သော မွေးမြူရေးနည်းပညာ၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ၃၀-၆-၂၀၂၄ ထုတ်လက်ကမ်းစာစောင်
- https://www.sciencedirect.com/science/article/abs/pii/S0959652620353208


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# လွှမ်းအိမ်ဆည် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၉ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၆**

Bellarie၊ H&L၊ Lin Production တို့က ပူးပေါင်းရိုက်ကူးထုတ်လုပ်သည့် လွှမ်းအိမ်ဆည် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၉ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ အိအိခိုင်ထံမှ သိရသည်။

အဆိုပါ လွှမ်းအိမ်ဆည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို Kခိုင်က ရေးသားထားပြီး ဒါရိုက်တာ အိအိခိုင်က ဇာတ်ညွှန်းရေးသားကာ Bellarie၊ H&L၊ Lin Production တို့အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားမှာတော့ မိခင်စီစဉ်ထားတဲ့ ဘဝလမ်းကြောင်းကနေ စက်ဘီးတစ်စီးနဲ့ ရုန်းထွက်လာတဲ့ လွှမ်းအိမ်ဆည်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝလမ်းခရီးမှာသံယောဇဉ်အမျှင်လေးတွေ မသိမသာငြိတွယ်လာတဲ့အခါ စီစဉ်ထားပြီးသား အနာဂတ်နဲ့ မမျှော်လင့်ထားတဲ့ ရင်ခုန်သံကြား သူဘယ်လမ်းကို ရွေးချယ်မလဲဆိုတာ လွှမ်းအိမ်ဆည် ရုပ်ရှင်ဇာတ်ကား ရုံတင်တဲ့အခါ သိရမှာပဲဖြစ်ပါတယ်"ဟု ဒါရိုက်တာအိအိခိုင်က ပြောပြသည်။

လွှမ်းအိမ်ဆည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ပိုင်တံခွန်၊ စိုင်းစည်သွစ်ခမ်း၊ ယွန်းဝတီလွင်မိုး၊ ချောရတနာ၊ ဧည့်သည်သရုပ်ဆောင် လွင်မိုး၊ လျှမ်းထက်အောင်၊ အင်ကြင်းဖူး၊ လွန်းခြယ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Freddie The Fix ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးရန် Amazon MGM စီစဉ်နေ

**နယူးယောက် အောက်တိုဘာ ၆**

Freddie The Fix အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးရန် Amazon MGM စတူဒီယိုက စီစဉ်နေကြောင်း အောက်တိုဘာ ၅ ရက် သတင်းများအရ သိရသည်။

Freddie The Fix ဇာတ်ကားကို ကမ္ဘာကျော် ကာတွန်းဆရာ ဂါ့သ်အင်းနစ်၏ ခေါင်းစဉ်အမည်တူ ကာတွန်းရုပ်ပြဇာတ်လမ်းတွဲများကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို One of Them Days ဒါရိုက်တာ လောရင့်လားမွန့်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Freddie The Fix ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကာလန်အီဂန်နှင့် ထရာဗစ်စန်တဲတို့က တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိတွင် Freddie The Fix ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များကို Amazon MGM စတူဒီယိုက စိစစ်ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ လောရင့်လားမွန့်သည် မကြာသေးမီက ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ One of Them Days ဟာသဇာတ်ကားကို ရိုက်ကူးပေးထားသူဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# တင်မောင်ဆန်းမင်းဝင်းသဘင်ပွဲတော် ဖျော်ဖြေပွဲကို ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီးတွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၆**

ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း ကပြတင်ဆက်မည့် တင်မောင်ဆန်းမင်းဝင်း သဘင်ပွဲတော်ဖျော်ဖြေပွဲကို အောက်တိုဘာ ၁၇ ရက်နှင့် အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီးတွင် ကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းထံမှ သိရသည်။

တင်မောင်ဆန်းမင်းဝင်း သဘင်ပွဲတော်ဖျော်ဖြေပွဲတွင် တင်မောင်ဆန်းမင်းဝင်း၏ ဇာတ်သဘင်ဖျော်ဖြေမှုအပြင် သဘင်၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်ပေါင်းများစွာ ပါဝင်အားဖြည့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သဘင်ချစ်သူ ပရိသတ်ကြီးအတွက် တင်မောင်ဆန်းမင်းဝင်း သဘင်ပွဲတော်ကြီး မကြာမီရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ဒီပွဲကြီးမှာ ကျွန်တော်နဲ့အတူ အနုပညာရှင်များစွာ ပါဝင်သွားမှာဖြစ်ပြီးတော့ သမားစဉ်အတိုင်း နှစ်ပါးသွားနဲ့အတူ ရနောင်မောင်မောင်တုတ် အော်ပရာ၊ သီတင်းကျွတ်ဖူးစာ ပြဇာတ်နဲ့ ဇာတ်သဘင်အစီအစဉ်များစွာကို ဝဇီရာကဇာတ်ရုံကြီးရဲ့ ဇာတ်ခုံပေါ်မှာ ကြည့်ရှုခံစားရတော့မှာဖြစ်ပါတယ်။ လာရောက်အားပေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။




အဆိုပါ ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၏ တင်မောင်ဆန်းမင်းဝင်း သဘင်ပွဲတော် ဖျော်ဖြေပွဲကို ဝဇီရာကဇာတ်ရုံကြီးတွင် အောက်တိုဘာ ၁၇ ရက်နှင့် အောက်တိုဘာ ၁၈ ရက်တွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Treasure Island ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် အောက်တိုဘာ ၆**

Treasure Island လျှို့ဝှက်ဆန်းကြယ်အက်ရှင်ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၅ ရက် သတင်းများအရ သိရသည်။

Treasure Island ဇာတ်ကားသည် စကော့လူမျိုးစာရေးဆရာကြီး ရောဘတ်လူးဝစ်စတီဗင်ဆင်၏ Treasure Island သမိုင်းနောက်ခံ စွန့်စားခန်းဝတ္ထုကို အခြေခံရိုက်ကူးထားသောရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ရစ်ဒလေစကော့က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

Treasure Island ဇာတ်ကားတွင် မင်းသား ဟက်ဂျက်မန်းက အဓိကဇာတ်ကောင် ပင်လယ်ဓားပြ လောင်းဂျွန်ဆေးဗားအဖြစ် ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်သွန်းက တာဝန်ယူရေးသားပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ချမ်းမြေ့စေကြောင်း ဇာတ်လမ်းတွဲကို အောက်တိုဘာလတတိယပတ်တွင် Mahar Application မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် အောက်တိုဘာ ၆**

ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ချမ်းမြေ့စေကြောင်း ဇာတ်လမ်းတွဲကို အောက်တိုဘာလ တတိယပတ်တွင် Mahar Application မှ ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကြည်ဖြူသျှင်ထံမှ သိရသည်။

အဆိုပါ ချမ်းမြေ့စေကြောင်း ဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို သျှင်မက ရေးသားပြီး ကကြိုးသျှင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကြည်ဖြူသျှင်က ခရေဖြူ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာတော့ ကိုယ်ချစ်တဲ့သူနဲ့ ပျော်ရွှင်စွာနေချင်ပေမဲ့ မိသားစုရဲ့သဘောထားတွေကိုလဲ မပစ်ပယ်နိုင်တဲ့အခါ ကိုယ့်အတွက် မှန်ကန်တဲ့ရွေးချယ်မှုက ဘာဖြစ်မလဲ။ အချစ်နဲ့မိသားစုကြားက ရင်ခုန်စရာ၊ နာကျင်စရာတွေနဲ့ မမျှော်လင့်ထားတဲ့ အလှည့်အပြောင်းတွေကို မြင်တွေ့ရမဲ့ ချမ်းမြေ့စေကြောင်း ဇာတ်လမ်းတွဲကို မကြာခင် Mahar Application က ထုတ်လွှင့်တော့မှာမို့ စောင့်မျှော် အားပေးကြပါအုံး"ဟု ဒါရိုက်တာ ကြည်ဖြူသျှင်က ပြောပြသည်။

ချမ်းမြေ့စေကြောင်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဘုန်းမြတ်၊ မင်းဦး၊ အောင်လေး၊ ဗညားဘုန်းပြည့်၊ မင်းသူ၊ ရဲမွန်၊ မေမီကိုကို၊ ဆုပန်ထွာ၊ သဇင်ထူးမြင့်၊ သာသာ၊ အေးသီတာ၊ မိုးသဲဖြူ ကလေးသရုပ်ဆောင်-ဆုရတီရှင်းသန့်၊ သက်မှုံးအိမ်စည်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

## Press Release

# President of the Republic of the Union of Myanmar, H.E. U Min Aung Hlaing to make Official Visit to Malaysia

**Nay Pyi Taw October 6**

At the invitation of His Excellency Dato' Seri Anwar Bin Ibrahim, Prime Minister of Malaysia, His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar, will pay an Official Visit to Malaysia in the near future.

During the visit, the President of Myanmar will meet and hold bilateral talks with the Prime Minister of Malaysia, and will attend and deliver the opening remarks at the Myanmar-Malaysia Business Dialogue. The President will hold cordial discussion and exchange views on further consolidation of the existing friendly relations, promotion of mutually beneficial cooperation between the two Governments and peoples, as well as enhancement of cooperation across economic, cultural, and various other sectors.

The President will be accompanied by Union Ministers and officials during the visit. MNA

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin visits patients at Defence Services Orthopedic Hospital (500-bed) in Mingalardon Station



**Nay Pyi Taw October 6**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by senior officers from the Office of the Commander-in-Chief of Defence Services, the commander of Yangon Command and officials, visited officers and other ranks receiving treatments at Defence Services Orthopedic Hospital in Mingalardon station and spoke words of sympathy to them this afternoon.

First, the Deputy Commander-in-Chief of Defence Services and party arrived at the hospital and were greeted by the commandant of the hospital and officials.

**General Kyaw Swa Lin presents a gift to a patient at the Defence Services Orthopedic Hospital (500-bed) in Mingalardon Station.**

Then, the Deputy Commander-in-Chief and party visited officers and other ranks, who suffered injuries during the performance of national defense and security duties, one by one and inquired about their recovery before presenting foodstuffs and cash rewards for them.

Afterward, the Deputy Commander-in-Chief of Defence Services and party inspected the hospital and gave necessary instructions to officials. 100

*From Page 13*

while striving to enhance their capabilities and modernize and develop the force so that it can keep pace with international coast guard forces. They are also urged to strive for building the Myanmar's maritime domain into a safe and secure sea, a stable and peaceful sea, a clean sea, and a more productive sea, with the capability to prevent and counter any unconventional threats that may arise at any time and in any place along the country's long coastline and extensive maritime boundaries.

The General and attendees watched a documentary video clip on the commemoration of the MCG and posed for documentary photos and the General cordially greeted the attendees.

The General viewed round the booths, shops and the rescue vessel displayed to mark the commemorative ceremony.

At the meeting hall of the MCG Headquarters, the General heard reports on duty and functions of the MCG, its capabilities and implementation of the missions presented by the director-general of the MCG. In his instructions, the General stressed that as the Head of State established the Myanmar Coast Guard with the deep objective of enabling it to keep pace with international and regional counterparts, continued efforts should be made to further enhance its progress and success. MCG members need to have a thorough understanding of laws, orders and directives, as well as international relations. Training opportunities should also be created for members to enhance their capabilities. As the duties and responsibilities of the respective units differ, coordination and cooperation among the units should be strengthened.

The General and party inspected the progress of agriculture and livestock activities in the headquarters of the MCG to ensure welfare of families. 100

# Kenya confirms first Ebola case as patient dies

**Nairobi October 6**

Kenya on Tuesday confirmed its first imported case of Bundibugyo Ebola virus disease, one day after a man died in a Nairobi hospital, the country's health authorities said.

The patient was a Kenyan citizen who had lived in the Democratic Republic of the Congo (DRC) for the past seven years, Health Cabinet Secretary Aden Duale said in a statement.

He fell ill about a month ago and was treated at several hospitals while still in the DRC. He traveled by road from the DRC to Kampala, Uganda, then boarded Jambojet flight 8523 and arrived in Nairobi on Oct. 3.

A relative drove him directly from Jomo Kenyatta International Airport to Nairobi Hospital, where he was quickly placed in an isolation facility, the statement said.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin addresses the Fifth Founding Anniversary of the Coast Guard





General Kyaw Swa Lin watches a documentary video clip on the commemoration of the Coast Guard of Myanmar.

**Nay Pyi Taw October 6**

The Fifth Founding Anniversary of the Coast Guard of Myanmar was observed at its command headquarters in Thanlyin Station this morning, addressed by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin.

Also present together with General Kyaw Swa Lin were senior military officers from the Office of the Commander-in-Chief, the Yangon Command commander, the director general of Coast Guard, commanders of Naval Command HQs, officers, other ranks and families of Tatmadaw (Navy) and Coast Guard, and invited guests.

According to the Agenda, a ceremony to open a recreation center in commemoration of the Fifth Founding Anniversary of the Coast Guard was held. An official presented a brief report on the construction of the center.

The General formally opened the center by pushing a button and sprinkled scented water on the plaque.

In his honorary address, the General said the Head of State farsightedly established the Myanmar Coast Guard in 2021. The aims of its establishment are: to take responsibility for managing and controlling maritime security and law enforcement operations within the area stretching from the internal waters to the Exclusive Economic Zone (EEZ) along the Myanmar coast, to protect the national interest, to conduct search and rescue operations at sea, to eliminate transnational maritime crimes, to share information, to promote diplomatic relations through contacts with international coastguards, to support the Tatmadaw (Navy) during war time.

It was established with the vision that it must become a fully capable Coast Guard capable of protecting and safeguarding the nation's maritime national interests, marine environmental safety, and the rule of law, from both the sea and the air, within the area spanning from the main coastline to the Exclusive Economic Zone. The Myanmar seas is the lifeblood of the national trade, as well as a geographical bridge connecting the Indo-Pacific region, Indian Ocean, Southeast Asia and South Asia, and the world most populous countries, China and India.

Currently, Myanmar is building a Union based on democracy and federalism under the leadership of a new government democratically elected by the people. The government is prioritizing the promotion of strategic economic cooperation with partners. The task includes a large portion of the maritime sector and blue economy sector.

It must be noted that the maritime activities have deeper and broader interconnections with international affairs, legal matters, technological standardization cases, disaster management, and humanitarian issues. Economic development of the country must be promoted alongside fostering a positive national image by effectively utilizing the State's maritime potential.

Members of the Coast Guard will have to shoulder the task of ensuring maritime security and safety, apart from safeguarding and preserving maritime interest and enforcing maritime rule of law. These duties represent the core capabilities assigned to the force since it was first established.

It is necessary to work in coordination with the Tatmadaw (Navy) and maritime police force to protect fishermen and seafarers in Myanmar's waters; conduct maritime search and rescue and provide humanitarian assistance; prevent and combat illegal smuggling and smuggled goods; prevent piracy; combat human trafficking, drug trafficking and gunrunning; and carry out Choke Point Control to safeguard the country's strategic maritime control points, as well as perform diplomatic duties.

Officers and other ranks of the Myanmar Coast Guard are being sent to domestic and overseas training courses to equip them with the practical skills and expertise required to effectively perform their duties in these areas. Therefore, MCG members must strive to develop the high level of capabilities expected of Coast Guard personnel, proficiency in internationally used languages, and expertise in maritime law. The State is also providing the Myanmar Coast Guard with offshore patrol vessels, fast patrol boats and small boats.

In order to effectively protect and safeguard Myanmar's maritime interests, the State enacted the Myanmar Coast Guard Law on 17 July 2025 to enable the Coast Guard Force to firmly perform its duties in accordance with the law. Force members must, in accordance with the Myanmar Coast Guard Law, steadfastly and conscientiously protect and safeguard Myanmar's maritime interests, blue economy activities, and marine ecosystems and resources.

Only by carrying out these measures can the force fulfil its operational responsibility of ensuring "Good Order at Sea". Furthermore, it will be able to implement the international maritime laws, conventions and related protocols to which the State is a signatory, which are important for the exercise of the jurisdiction of coastal States, and thereby fully discharge its responsibility of ensuring "Good Governance at Sea", namely, the rule of good and just law at sea.

Members of the guard are urged to seriously implement the objectives of the Myanmar Coast Guard and fully discharge their duties to protect and safeguard the maritime interests and marine resources of the State in building a Union based on democracy and a federal system. The General urged them to fully carry out the responsibilities assigned to them in the development, conservation and protection of the maritime infrastructure and blue economy initiatives being implemented by the State.

In discharging the duties of the Myanmar Coast Guard, members are urged to place strong emphasis on safeguarding the sovereignty of the State, upholding the rule of law, and maintaining its jurisdiction,

*See Page 12*



General Kyaw Swa Lin observes a commemorative booth.

# Systematic demolition of illegal buildings used for online fraud and gambling in Shwe Kokko area enters Phase 2

**Demolition of an illegal building used for online gambling operations in the Shwe Kokko area, Myawaddy District, Kayin State.**



**Demolition using heavy machinery.**

**Nay Pyi Taw October 6**

The Government has prioritized efforts to combat online fraud and online gambling as a national duty, coordinating not only with domestic forces but also with neighbouring governments to conduct effective inspections and crackdowns to prevent such syndicates from gaining a foothold in the country. As part of these operations, the demolition of remaining unauthorized buildings previously used for online fraud and gambling operations in the Shwe Kokko area commenced today under Phase 2.

To halt online scams and gambling activities heavily concentrated in the Shwe Kokko and KK Park areas, the Government gathered intelligence, drew up detailed operational plans, and carried out clearance operations. Multi-agency joint task forces—comprising security forces, administrative bodies, and local authorities—have been systematically destroying seized equipment and completely demolishing unauthorized structures.

In KK Park, authorities uncovered and cleared 635 unauthorized buildings used for illegal online fraud and gambling. To ensure such operations could never re-establish themselves in the area, the structures were earmarked for complete demolition across three designated phases, with all 635 buildings being entirely and systematically demolished by 9 January 2026, as previously announced.

Similarly, inspections were conducted in the Shwe Kokko area to root out online fraud and gambling activities, uncovering 140 buildings utilized for such illicit operations. These properties were sealed off and slated for complete demolition based on structural categories. Under Phase 1, 77 buildings were systematically demolished on 26 July.

Under Phase 2, the remaining 63 buildings have been categorized by demolition method: 25 buildings to be demolished using heavy machinery, four buildings to be brought down by controlled implosion, and 34 buildings—located close to residential dwellings—to be dismantled floor by floor by manual labour. Demolition work is currently underway, with a five-storey building among those scheduled for mechanical demolition being brought down today.

Of the 140 buildings in the Shwe Kokko area used for online fraud and gambling operations, 77 have already been demolished. Work is underway on one building, and the remaining 62 structures will continue to be systematically demolished.

As online scams and fraudulent gambling operations threaten global socio-economic stability and national security, the Government is collaborating with neighbouring and regional nations to implement structured plans for their total eradication. In particular, authorities are effectively identifying and dismantling scam networks operating in remote border areas, taking stern and decisive action against perpetrators within the country, and placing special focus on eradicating online scam and gambling activities once and for all.

100

# Online scammers and gamblers arrested along with related accessories at dormitory on Byuha Street in Thirimaha Ward of Region 4, Lashio




**The location where online fraud and gambling offenders were apprehended in Thirimaha Ward, Region 4, Lashio, northern Shan State.**



**Apprehended suspects involved in online fraud and gambling.**



**Equipment and accessories used by the online fraud and gambling offenders.**

**Nay Pyi Taw October 6**

Acting on a tip-off that online scam and gambling activities were being conducted at Win Cherry Dormitory on Byuha Street, Thirimaha Ward, Region (4), Lashio Township, Shan State (North), a combined team comprising security personnel and departmental officials raided there this afternoon. During the raid, two men and two women engaged in online scam and gambling activities were arrested in one of the dormitory rooms along with equipment used for online gambling.

At 3.05 pm today, the combined team comprising security personnel and departmental officials, acting on tip-off, inspected the Win Cherry Dormitory on Byuha Street in Lashio. They arrested Min Hway Sim, son of U Ngwa Wu, Ma Hway Fu, daughter of U Ngwa Wu, Kaung Win Kyi (a) Ann Wei, son of U Kaung Kyin and Thang In-Shi (a) Aphyin, son of U Fa Wam of Lashio along at Room 214 of the dormitory with four laptops, one all-in-one computer, seven assorted mobile phones, two Wifi devices and K475,000.

Files of lawsuit will be opened against those arrestees together with seized accessories at Lashio Myoma police station under Section 33 (a) of the Myanmar Electronic Transactions Law. It is reported that intensified efforts to completely eradicate online scam and gambling activities and prevent them from becoming entrenched are continuing with special emphasis and sustained momentum. 100

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ပုလဲ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၂၂၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၆ ဒသမ ၀၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ နေကြာ ၃၂၂၅ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ အခုလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်တွင် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် အာလူးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ အာလူးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါအာလူးများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ရေကြည်မြို့နယ်က ထွက်ရှိတဲ့အာလူးတွေက လက်ရှိမှာ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒီဘက်က အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေး



ကောင်းပါတယ်။ အခုလို အာလူးတွေ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းလာတော့ အာလူးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေအပြင် အာလူးစိုက်တောင်သူတွေ၊ လုပ်သားတွေနဲ့ ကုန်တင်ယာဉ်အငှားလိုက်သူတွေပါ အလုပ်အကိုင် အဆင်ပြေလာတာကို တွေ့ရပါတယ်"ဟု ရေကြည်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ ယနေ့ထိ တစ်ရက်လျှင် အာလူးပိဿာချိန် ၁၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၊ ၅၅၀၀ နှင့် ၇၀၀၀ ထိပေါက်ဈေးရှိပြီး လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲ ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လယ်ဝေးမြို့နယ် ညောင်မုတ်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်မုတ်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းယုလှိုင်က ညောင်မုတ်ဆိတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဆန်းယုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ညောင်မုတ်ဆိတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လယ်ဝေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ပိုးသခင်**



လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်
အဓိကအရေးပါသော လျှပ်စစ်မီးကို
- ဝန်နိုင်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ဆုံးရှုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ညောင်ရွှေမြို့နယ် ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ညောင်ရွှေ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၆ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျွန်းကြီးတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၆ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်
လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။







ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် Recreation Center ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်နှင့် ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ တပ်ဖွဲ့ဖွဲ့စည်းခြင်း(၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် Recreation Center ဖွင့်ပွဲကို ကျင်းပရာ ဦးစွာ တာဝန်ရှိသူတစ်ဦးက အဆိုပါအဆောက်အအုံ တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က Recreation Center ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ကမ်းခြေစောင့်တပ်ဖွဲ့ တည်ထောင်ခြင်း (၅)နှစ်ပြည့်အထိမ်းအမှတ် တပ်နှစ်ပတ်လည်နေ့အခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ခံ စီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်၊ နိုင်ငံတကာ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော်(ရေ)ကို အထောက်အကူပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မကမ်းခြေကမ်းရိုးတန်းမှ သီးသန့်စီးပွားရေးဇုန်ထိရေပြင်၊ ဝေဟင်နှစ်ရပ်စလုံးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်လာရမည်ဆိုသည့် မျှော်မှန်းချက်အမြင်ဖြင့် တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ မြန်မာ့ပင်လယ်ပြင်သည် နိုင်ငံတော်၏ ကုန်သွယ်ရေး National Trade အတွက် အရေးပါသည့် အသက်သွေးကြောဖြစ်သကဲ့သို့ အင်ဒို-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့တောင်အာရှနှင့် တောင်အာရှ၊ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့ကို ဆက်သွယ်ပေးထားသည့် ပထဝီနိုင်ငံရေးပေါင်းကူးဆက်စပ်ရပ်ဝန်းလည်းဖြစ်ကြောင်း။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နိုင်ငံတော်အနေဖြင့်လည်း ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကမ်းလွန်ကင်းလှည့်ရေယာဉ်များ၊ အမြန်သွားကင်းလှည့်ရေယာဉ်များနှင့် ရေယာဉ်ငယ်များကို ဖြည့်တင်းပေးလျက်ရှိ . . .**

**ရှည်လျားသည့်ကမ်းရိုးတန်းနှင့် ကျယ်ဝန်းသည့် မြန်မာ့ရေပြင်နယ်နိမိတ်တစ်လျှောက် အချိန်မရွေး နေရာမရွေး ပေါ်ပေါက်လာနိုင်သည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုတိုင်းကို တားဆီးကာကွယ်နိုင်စွမ်းရှိပြီး မြန်မာ့ပင်လယ်ပြင်ကို လုံခြုံဘေးကင်းသည့် ပင်လယ်ပြင်၊ တည်ငြိမ်အေးချမ်းသည့် ပင်လယ်ပြင်၊ သန့်ရှင်းသည့် ပင်လယ်ပြင်၊ ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည့် ပင်လယ်ပြင်တစ်ခုဖြစ်အောင် ကြိုးပမ်းတည်ဆောက် . . .**

ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ပူးပေါင်းဆောင်ရွက်မှုများတွင် ပင်လယ်ရေကြောင်းကဏ္ဍများနှင့်ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများလည်း အများအပြားပါဝင်လျက်ရှိကြောင်း။

ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များသည် ကျယ်ပြန့်နက်နဲသည့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာစံနှုန်းဆိုင်ရာကိစ္စရပ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်နေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ပင်လယ်ရေကြောင်းဆိုင်ရာ မူလစွမ်းရည် Maritime Potential ကို ထိရောက်စွာအသုံးချနိုင်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာကဏ္ဍများတွင် နိုင်ငံတော်၏ ပုံရိပ်ကောင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့၏တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်းအကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းအပြင် ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး စသည့်တာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယင်းတာဝန်များသည် တပ်ဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပေးထားသည့် တပ်ဖွဲ့၏ စွမ်းရည်များပင်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ပြင်အတွင်း ရေလုပ်သားနှင့် ရေကြောင်းသွားလာသူများကို အကာအကွယ်ပေးရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာအကူအညီပေးရေး၊ တရားမဝင်မှောင်ခိုလုပ်ငန်းနှင့် အကောက်အခွန်မဲ့ပစ္စည်းတားဆီးကာကွယ်ရေး၊ ပင်လယ်ဓားပြတားဆီးကာကွယ်ရေး၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းမှောင်ခိုတားဆီးကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတော်၏ပင်လယ်ရေကြောင်းထိန်းချုပ်နေရာ ကာကွယ်ရေး (Choke Point Control)နှင့် သံတမန်ရေးတာဝန်များကို တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့များနှင့် ဟန်ချက်ညီစွာ လက်တွဲဖော်ဆောင်သွားကြရန်လိုကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များကို ထိုကဏ္ဍများတွင် လက်တွေ့ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ သင်တန်းများစေလွှတ်ပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များတွင် ရှိသင့်

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၆

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကိုတစ်ဦးချင်းလိုက်လံကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ဆေးကုသမှု ခံယူနေသူတစ်ဦးကို ကြည့်ရှုအားပေးစဉ်။

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း (၅)နှစ်မြောက်တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်တက်လှင်ထွန်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိစစ်သည်မိသားစုဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပရာ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက်တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် Recreation Center ၌ကျင်းပရာ ၂၀၂၅-၂၀၂၆ တစ်နှစ်တာကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ အကောင်းဆုံးလိုင်းခန်းဆု ရရှိကြသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကျင်းပစဉ်။



သည့် စွမ်းရည်မြင့်မားမှု၊ နိုင်ငံတကာသုံးဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုနှင့် ပင်လယ်ရေကြောင်းဥပဒေဆိုင်ရာကျွမ်းကျင်မှုများရှိအောင် ကြိုးစားသင်ယူနေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကမ်းလွန်ကင်းလှည့်ရေယာဉ်များ၊ အမြန်သွားကင်းလှည့်ရေယာဉ်များနှင့် ရေယာဉ်ငယ်များကို ဖြည့်တင်းပေးလျက်ရှိကြောင်း၊

မြန်မာ့ပင်လယ်ရေကြောင်း အကျိုးစီးပွားများကို ထိထိရောက်ရောက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ခိုင်မာစွာရပ်တည်ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်အညီ တည်ကြည်ဖြောင့်မတ်ခိုင်မာစွာ မြန်မာ့ပင်လယ်ရေကြောင်း အကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများနှင့် အဏ္ဏဝါဂေဟစနစ်နှင့် သယံဇာတများကိုဂရုတစိုက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊

ထိုသို့ဆောင်ရွက်နိုင်မှသာ "Good Order at Sea" "ပင်လယ်ပြင်ငြိမ်ဝပ်ပိပြားမှုစနစ်တကျရှိစေရေး"ဆိုသည့် တပ်ဖွဲ့၏စွမ်းဆောင်ရည်လုပ်ငန်းတာဝန်ကိုလည်း ကျေပွန်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းနိုင်ငံများ၏ စီရင်ပိုင်ခွင့်အာဏာအတွက်အရေးပါသည့် နိုင်ငံတော်က သဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာရေကြောင်းဥပဒေ၊ ကွန်ဗင်းရှင်းများနှင့် နောက်ဆက်တွဲ စာချုပ်များကိုလည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကာ "Good Governance at Sea" ဆိုသည့် "ပင်လယ်ပြင်မှာကောင်းမွန်တရားမျှတသော ဥပဒေစိုးမိုးစေရေး"တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊

တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့၏ရည်ရွယ်ချက်များကို အလေးအနက်ထားအကောင်အထည်ဖော်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း အကျိုးစီးပွားနှင့် ရေကြောင်းသယံဇာတများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရန်၊ နိုင်ငံတော်ကအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပင်လယ်ရေကြောင်းအဆောက်အအုံများနှင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊

ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ပိုင်ခွင့်တည်တံ့ခိုင်မြဲရေးကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် စွမ်းရည်ထက်မြက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ရှည်လျားသည့်ကမ်းရိုးတန်းနှင့် ကျယ်ဝန်းသည့် မြန်မာ့ရေပြင်နယ်နိမိတ်တစ်လျှောက် အချိန်မရွေး နေရာမရွေး ပေါ်ပေါက်လာနိုင်သည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုတိုင်းကို တားဆီးကာကွယ်နိုင်စွမ်းရှိပြီး မြန်မာ့ပင်လယ်ပြင်ကို လုံခြုံဘေးကင်းသည့် ပင်လယ်ပြင်၊ တည်ငြိမ်အေးချမ်းသည့် ပင်လယ်ပြင်၊ သန့်ရှင်းသည့် ပင်လယ်ပြင်၊ ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည့် ပင်လယ်ပြင်တစ်ခုဖြစ်အောင်ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ပတ်သက်သည့် အထိမ်းအမှတ်မှတ်တမ်း video ကို ကြည့်ရှုကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဆိုင်ခန်းများနှင့် ရှာဖွေကယ်ဆယ်ရေးရေယာဉ်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များကို ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ စွမ်းရည်များ၊ ရည်မှန်းချက်တာဝန်များအပေါ် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ချက်ကြီးမားစွာကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာများကို တပ်ဖွဲ့ဝင်များ နားလည်သိရှိစေရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားစေရေးအတွက်လည်း သင်တန်းများရွေးချယ်စေလွှတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ တပ်ဖွဲ့များ၏ လုပ်ငန်းတာဝန်များသည် မတူကွဲပြားသည့်အတွက် တပ်ဖွဲ့များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်ဝင်းအတွင်း မိသားစုများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူငယ်များအတွက် မျိုးချစ်စိတ်မြှင့်တင်ရေး၊ ချောင်းဖြောင့်တူးဖော်ပေးရေး၊ မြေငှားဂရန်လျှောက်ထားမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးသတ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသောလုပ်ရပ်များအပေါ် အရေးယူပေးနိုင်ရေး၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး အမြန်ဆုံးတည်ဆောက်ပေးရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ ပြန်လည်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းခြောက်ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **လူငယ်များအကြား မျိုးချစ်စိတ်မြှင့်တင်ရေး ကျယ်ပြန့်စွာဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် Auto Repair သင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်များ ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့အတွက် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လထိ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ၂၀၄ ကြိမ်၊ လူငယ်ဖိုရမ် တစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး လူငယ်စုစုပေါင်း ၄၇၁၁၉ ဦးတက်ရောက်ခဲ့ကြပါကြောင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း စသည့် အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ Job Ready Skills Workshop & Career and Opportunity Fair အခမ်းအနားများ၊ လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိစေရန် Interim ဖန်တီးဖော်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ပြီး အထူးအလေးပေးရမည့် လူငယ်များ အသက်မွေးဝမ်းကျောင်းမှုပညာများကို လက်လှမ်းမီသင်ကြားနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပံ့ဖော်ပေးခြင်း၊ သာတူညီမျှအခွင့်အရေးနှင့် လုပ်ငန်းခွင်အတွင်း စိတ်ချလုံခြုံမှုရှိစေရေးတို့ကို မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များကို ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း YMBA အသင်းခွဲများ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးသင်တန်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖွင့်လှစ်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ ကျင်းပဖြေဆိုခြင်း၊ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးဘာသာချစ်မြတ်နိုးတတ်စေရန်နှင့် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း YMBA အသင်းကြီးများကဲ့သို့ အခြားသောလူမှုရေးအသင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရပ်ကွက်ကျေးရွာအုပ်စုအဆင့်များထိ ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။



လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်သကဲ့သို့ လမ်းမှားရောက်နေသည့် လေလွင့်လူငယ်များ၊ မူးယစ်ဆေးစွဲလူနာများကို မူးယစ်သံသရာအတွင်း ပြန်လည်မရောက်ရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မူးယစ်ဆေးစွဲလူငယ်များကို ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်၍ ဆေးဖြတ်ကုသပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် သက်မွေးသင်တန်း ၄၆ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်းဦးရေ ၄၀၀ တို့ကို သင့်လျော်သည့်အလုပ်အကိုင်များရရှိရေး စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **အဝေရာဆည်တာပေါင်အနီး ငလိုက်ချောင်းကို ချောင်းဖြောင့်တူးဖော်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆင်သေချောင်း ရေလမ်းပိုင်း ၂၀၊ ဇီးကုန်းတံတားရေလမ်း၊ ရေလမ်းပိုင်း ၂၃၊ ရှားစေးဖိုရေလမ်းနှင့် ရေလမ်းပိုင်း၂၄၊ အေးမြင့်သာယာရေလမ်းတို့တွင် သောင်တူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်းနှင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ ခွင့်ပြုပါရှိပြီးဖြစ်သဖြင့် ပွင့်လင်းရာသီတွင် လုပ်ငန်းများစတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ဘဏ္ဍာနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျွန်းဦးရွာ၊ စက်ရုံရွာ၊ နှမ်းတောရွာ၊ သစ်ဆိမ့်ပင်ရွာ၊ ဇီးဖြူပင်ရွာ စသည့်ကျေးရွာတို့ရှိ ရေလမ်းပိုင်းသည် ငလိုက်ချောင်း-ဆင်သေချောင်း ရေလမ်းပိုင်း ၂၈၊ ဆင်သေရေလမ်းတွင်ပါဝင်ပြီး နေပြည်တော်ကောင်စီ၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရေကြီးရေလျှံမှုလျော့ပါးရေး ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အလျားမီတာ ၁၃၀၀ (၄၂၆၅ ပေ)အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၀၆၉ ဒသမ ၃၀၀ သန်းကို ပထမဦးစားပေးဆောင်ရွက်ရန် ရန်ပုံငွေလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး အဆိုပါရေလမ်းပိုင်း ပိုမိုထိရောက်နိုင်စေရေးအတွက် ဆင်သေချောင်းရေလမ်းပိုင်း ၂၆၊ ရုံးပင်ဇောင်းရေလမ်းနှင့် ရေလမ်းပိုင်း ၂၇၊ ညောင်ပင်ကြီးရေလမ်းတို့တွင်လည်း ရေကြီးရေလျှံမှုလျော့ပါးစေရေးအတွက် ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အလျားမီတာ ၈၆၇၀ (ပေ ၂၈၄၅၀)အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၁၉၈၈ ဒသမ ၂၀၀ သန်းကို ပထမဦးစားပေးဆောင်ရွက်ရန် ရန်ပုံငွေလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် မြေငှားဂရန်လျှောက်ထားမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ မည်သည့်ကာလအတွင်း အပြီးဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြေငှားဂရန်ခွင့်ပြုပေးနိုင်ရေး သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အချက်အလက်ပြည့်စုံစွာဖြင့် လျှောက်ထားလာပါက အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပြီး လျှောက်ထားမြေနေရာသည် မြေငှားဂရန်ခွင့်ပြုထုတ်ပေးနိုင်သည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ ဟုတ်၊ မဟုတ် မြေစာရင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက်ရယူခြင်း၊ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှုရှိ၊ မရှိ လမ်းဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့များ၏ ထောက်ခံချက်များရယူခြင်း၊ မြေနေရာတည်ရှိမှုအပေါ်မူတည်ပြီး အခြားဆက်စပ်ဌာနများ၏ သဘောထားများရယူခြင်း၊ သက်ဆိုင်ရာဌာနများနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ရပါကြောင်း။

ထို့နောက် မြေငှားဂရန်လျှောက်ထားသည့် မြေသည် မြေပိုင်ဆိုင်မှုခိုင်မာသည့်အပြင် အငြင်းပွားမှုမရှိသည့် မြေနေရာများဖြစ်ပါက မြေဧရိယာ တစ်ဧကထိကို ခရိုင်အုပ်ချုပ်ရေးမှူးက ၃၂ ရက်ဖြင့်လည်းကောင်း၊ မြေဧရိယာ တစ်ဧကအထက်မှ ငါးဧကထိကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ၄၈ ရက်ဖြင့်လည်းကောင်း၊ မြေဧရိယာ ငါးဧကအထက်ကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ၇၃ ရက်ဖြင့်လည်းကောင်း တည်ဆဲမြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လူနေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားမှုများအပေါ် မြေပိုင်ဆိုင်မှုခိုင်မာသည့်အပြင် အငြင်းပွားမှုမရှိသည့် မြေနေရာများဖြစ်ပါက တည်ဆဲမြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ကာလအတွင်း မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် စက်မှု၊ စီးပွားမြေငှားဂရန်လျှောက်ထားလာသည့်မြေများကို လုပ်ငန်းအမှန်တကယ်ဆောင်ရွက်နေမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မှုတို့အပေါ်မူတည်ပြီး ခွင့်ပြုသည့်နည်းလမ်းများအတိုင်း အသုံးပြုပါက တည်ဆဲမြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နိုင်ငံတော်၏ အချုပ်အခြာအာဏာယိမ်းယိုင်စေရန်နှင့် ဂုဏ်သိက္ခာကျစေရန် လုပ်ဆောင်နေသည့် လုပ်ရပ်များအပေါ် အရေးယူရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ပြည်ပနိုင်ငံများတွင် ခိုလှုံ၍ နိုင်ငံတော်အစိုးရအပေါ်ဆန့်ကျင်ရန်နှင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ပြုလုပ်သူများ၊ အားပေးကူညီသူများကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခြင်း၊ အမှုဖွင့်လှစ်ပြီးပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကတစ်ဆင့် ပေးပို့လာသည့် ဖမ်းဝရမ်း(နိုတီ)များကို အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းများနှင့် ညီညွတ်မှုရှိ၊ မရှိစိစစ်၍ တရားစွဲဆိုခံရရန် သို့မဟုတ် ပြစ်မှုဆိုင်ရာပြစ်ဒဏ်ကျခံရန် လိုအပ်နေသူတစ်ဦးနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် Interpol Red Notice ထုတ်ပြန်ခြင်း၊ တရားခံများဖမ်းဆီးပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ တရားခံလွှဲပြောင်းရေးဥပဒေကို ၂၁-၇-၂၀၁၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မျှ တရားခံလွှဲပြောင်းရေးသဘောတူစာချုပ်ကို နိုင်ငံတစ်ခုချင်း သီးခြားလက်မှတ်ရေးထိုးချုပ်ဆိုထားခြင်းမရှိသော်လည်း ၁၄-၁၁-၂၀၂၅ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား တရားခံလွှဲပြောင်းရေးစာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါကြောင်း၊ တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ Case By Case ကိစ္စတစ်ခုချင်းအလိုက်သုံးသပ်ပြီး လွှဲပြောင်း၊ လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ယိမ်းယိုင်ပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသူများ၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်မှုများပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့ထွက်ပြေးတိမ်းရှောင်နေသူများနှင့် ပြည်ပနိုင်ငံများတွင် ခိုလှုံနေသူများကို ရာဇသတ်ကြီး၊ မတရားအသင်းအက်ဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံကူးလက်မှတ်ပယ်ဖျက်ခြင်း၊ အမည်မည်းစာရင်းရေးသွင်းခြင်း၊ စောင့်ကြည့်စာရင်းရေးသွင်းခြင်းနှင့် Interpol Red Notice ထုတ်ပြန်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေဖြင့် အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် မက်မန်းမြို့သည် ခရိုင်ရုံးစိုက်ရာ မြို့ဖြစ်သည့်အတွက် မက်မန်းခရိုင်အဆင့်ဝန်ထမ်းများ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံးဝန်ထမ်းများသည် ဝန်ထမ်းအိမ်ရာ လုံလောက်မှုမရှိသဖြင့် ပြင်ပတွင်ငှားရမ်းနေထိုင်ရသောကြောင့် မြေပြင်တွင် လတ်တလောလိုအပ်နေသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ တစ်လုံး တည့်ဆောက်နိုင်ရန်၊ ဆောက်လုပ်မည့်မြေနေရာမှ တောင်သူ သုံးဦး၏ သီးနှံနစ်နာကြေးပေးရန်၊

**စာမျက်နှာ ၁၉ သို့**

**ရှေ့ဖုံးမှအဆက်**

၅၄၂ ဦးတက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၅/၂၀၂၄) ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၉) ဦးရန်နိုင်ဦး**က ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်များဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများကို တာဝန်ကျေပွန်စွာ အပတ်တကုတ်ကြိုးစားထိန်းသိမ်းရင်း တစ်ဖက်ကလည်း ယနေ့နိုင်ငံတော်တွင် ကျင်းပရန်ပြင်ဆင်နေသည့် "မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ"ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပေးခြင်း၊ အရှေ့တောင်အာရှအဆင့် သာမက ကမ္ဘာကပါအံ့အားသင့်ရသည့် 27th SEA Games အရှေ့တောင်အာရှအားကစားပွဲတော်ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားကြီးများတွင် နိုင်ငံကိုကိုယ်စားပြုပြီး အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာတာဝန်ယူကျင်းပပေးခြင်း စသည့် အမျိုးသားရေးတာဝန်များကိုအောင်မြင်ထင်ရှားစွာ ထမ်းရွက်နိုင်ခဲ့သည့် ဝန်ကြီးဌာနလည်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးတာဝန်ကျေပွန်ပြီး မြန်မာအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထာဝရတည်ရှိအောင် စဉ်ဆက်မပြတ်ကြိုးပမ်းနေသည့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံကြီးများရှိ ယဉ်ကျေးမှုဝန်ကြီးဌာနများကဲ့သို့ အမည်နာမ ခိုင်ခိုင်မာမာနှင့် ရပ်တည်ဖွဲ့စည်းထားရှိခြင်းသည် နိုင်ငံတော်နှင့် လူမျိုး၏ဂုဏ်ဒြပ်အဖြစ် သင့်လျော်ထိုက်တန်မှုရှိပါကြောင်း။

ယခုကဲ့သို့ အစဉ်အလာရှိစွာနှင့် တာဝန်ကျေခဲ့သည့် ဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး "အရိုးပေါ်အရွက်မဖုံးရအောင်" နိုင်ငံတော်သမ္မတရုံးက ပေးပို့ထားသည့် ယခင် "ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန" အမည်ကို "ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန"အဖြစ်သို့ အမြော်အမြင်ကြီးစွာ အမည်နာမပြောင်းလဲသတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၅/၂၀၂၄)ကို ထိုက်ထိုက်တန်တန် ပြဋ္ဌာန်းထုတ်ပြန်ပေးခဲ့ခြင်းမှာ အမျိုးသားရေးအစဉ်အလာကြီးပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် မိမိတို့နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စဖြစ်သည့်အားလျော်စွာ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၅/၂၀၂၄)ကို ထုတ်ပြန်ခြင်းအပေါ် နိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူရင်း အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က ယနေ့ခေတ်အနောက်တိုင်းယဉ်ကျေးမှုပုံစံများ ကမ္ဘာ့အရပ်ရပ်သို့ လွှမ်းမိုးကြီးစိုးဝင်ရောက်နေသည့်အတွက် ယဉ်ကျေးမှုကိုယ်ခံအား အတော်များများကျဆင်းဆုတ်ယုတ်နေချိန်တွင် ယဉ်ကျေးမှုဆိုသည့် Soft Power မျက်နှာစာမှာ အထူးအလေးထားဝီရိယစိုက်ပြီး အားဖြည့်ကာကွယ်သည့်အနေအားဖြင့် ဖြစ်မည်ဆိုလျှင် ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် ယဉ်ကျေးမှုထိန်းသိမ်းကာကွယ်မြှင့်တင်ရေးဝန်ကြီးဌာနဟု ဝန်ကြီးဌာနတစ်ခုသီးခြားတည်ထောင်ဖွဲ့စည်းသင့်သည်ဟု မိမိတို့အနေဖြင့် ယူဆပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတက ပေးပို့ထားသော ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်ထားချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းဌေး**က ယဉ်ကျေးမှုသည် နိုင်ငံတစ်ခုနှင့် အမျိုးသားလူမျိုးစုတစ်ခုလုံး၏ အသက်သွေးကြောဖြစ်ပြီး ငြင်းပယ်ရန်မရနိုင်လောက်အောင် အလွန်အရေးပါသောကဏ္ဍတွင် ရှိနေပါကြောင်း၊ အမျိုးသားရေးကိုဖော်ပြခြင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေခြင်း၊ အမျိုးသားစရိုက်နှင့် လက္ခဏာပုံသွင်းပေးခြင်း၊ စီးပွားရေးနှင့် ခရီးသွားကဏ္ဍကို အထောက်အကူပြုခြင်းနှင့်အတူ Soft Power တည်ဆောက်ပေးနိုင်ခြင်းနှင့် ယနေ့ခေတ် ကမ္ဘာ့ရေးရာတွင် ယဉ်ကျေးမှုသည်ထိရောက်သော သံတမန်ရေးရာတစ်ခုအဖြစ်၊ အနုပညာ၊ ဂီတ၊ ရုပ်ရှင်နှင့် အစားအသောက်များကတစ်ဆင့် တခြားနိုင်ငံများအပေါ် ကောင်းမွန်သော ဩဇာလွှမ်းမိုးမှုနှင့် ချစ်ကြည်ရေးကို တည်ဆောက်နိုင်သည့်အနေအထား ရှိပါကြောင်း။

သို့ဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ဖော်ထုတ်ဆောင်ရွက်ပြီး နိုင်ငံ၏ယဉ်ကျေးမှုကိုပါပြသနိုင်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဖော်ဆောင်ထားသည့် ဟိုတယ်နှင့် ခရီးသွားလာရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ ပြောင်းလဲသတ်မှတ်ခြင်းကို လေးနက်စွာထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်**က ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်မည်ဟူသော ရှေးလူကြီးများပြောဆိုခဲ့သည့် ဆိုရိုးစကားအတိုင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စာပေ၊ ဂီတ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့၊ ဘာသာစကားများကို ဝိုင်းဝန်းကာကွယ်ကြရန် အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုးကို မပျောက်ကွယ်ရလေအောင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာနှင့် စဉ်းစားတွေးခေါ်ကာ "ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန" ဟု အမည်ပြောင်းလဲသတ်မှတ်ခြင်းကို ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟု ပြောင်းလဲခြင်းမှာ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် ယဉ်ကျေးမှုကိုမြှင့်တင်ခြင်းဖြင့် ဟိုတယ်ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်ခြင်းဟူသော မူဝါဒနှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုမြှင့်တင်ခြင်းဖြင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသန္တရရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် ကမ္ဘာသို့ချပြခြင်းတို့ဖြင့် ခရီးသွားကဏ္ဍကို အားပေးနိုင်ပါကြောင်း၊ ရိုးရာမပျက်ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ၊ သမိုင်းဝင်နေရာများနှင့် ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများကို ဖော်ထုတ်ပြသခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ထူးခြားသည့် ရိုးရာအစား အစာများနှင့် တိုင်းရင်းသားဝတ်စားဆင်ယင်မှုများကို ဖော်ထုတ်ပြသခြင်းဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြပွဲများ၊ ရိုးရာပွဲတော်များ ပြသခြင်းဖြင့်လည်းကောင်း ခရီးသွားများ စိတ်ဝင်စားလာစေမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများကို မြှင့်တင်ဖော်ထုတ်နိုင်လာမည်လည်းဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအမည်ကို နိုင်ငံတော်အစိုးရက ယဉ်ကျေးမှုကိုတည်မှီပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်အခန်းကဏ္ဍအဖြစ် သတ်မှတ်ထားသည့်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းမှာ သင့်လျော်မှန်ကန်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအမည်ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအမည်အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၅/၂၀၂၄) ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီး ကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၆/၂၀၂၄)ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြထားသော ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD( 500ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က အခွန်ကင်းလွတ်ခွင့်ပြုရခြင်း၏ ရည်ရွယ်ချက်များမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မမြင့်တက်စေရေး၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် လျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အားခ မမြင့်တက်စေရေးအတွက်ဖြစ်သည်ဟု ရှင်းလင်းဖော်ပြထားပါကြောင်း၊ သို့ရာတွင် အခွန်ကင်းလွတ်ခွင့်မှရရှိသည့် အကျိုးကျေးဇူးသည် အမှန်တကယ် ပြည်သူများထံ မည်မျှထိရောက်ရှိသွားသည်ကို တိုင်းတာစစ်ဆေးရန် လိုအပ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်သည် တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများအနေဖြင့် အကျိုးအမြတ်ကိုသာ တိုးမြှင့်ရရှိခြင်း မဖြစ်စေရန် စောင့်ကြည့်ထိန်းချုပ်မှု၊ ဈေးနှုန်းထုတ်ဖော်ပြသမှုနှင့် စာရင်းစစ်ဆေးမှုများ ပြုလုပ်သင့်ပါကြောင်း။

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

မြေနေရာပြုပြင်ခြင်းတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံးဝန်ထမ်းများ နေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ် ဘဏ္ဍာရန်ပုံငွေတွင် လျာထားဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **နေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်၌ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မည်ကဲ့သို့ ကူညီဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့နေရပ်သို့ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေဘိုခရိုင်အတွင်း နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့များနှင့်ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိလာပါက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့၏နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်စေပြီး အေးချမ်းလုံခြုံစွာ သွားလာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့သော **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ"**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် နှစ်ချက်ကို ဥပဒေကြမ်းကော်မတီဝင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါနည်းဥပဒေများနှင့်စပ်လျဉ်း၍ နည်းဥပဒေတစ်ရပ်လုံးကိုပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အတည်ပြုချက်ရာယူရာ လွှတ်တော်က သဘောတူသည့်အတွက် နည်းဥပဒေတစ်ရပ်လုံးကို အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**စာမျက်နှာ ၁၉ မှအဆက်**

ရေရှည်တွင် လောင်စာဆီအားလုံးကို အခွန်ကင်းလွတ်ပေးထားခြင်းထက် အမှန်တကယ်လိုအပ်သောကဏ္ဍများကို အဓိကထား၍ သက်သာခွင့်ပေးသည့်စနစ်သို့ ကူးပြောင်းသင့်ပါကြောင်း၊ NLG အခွန်ကင်းလွတ်ခွင့်၏ အကျိုးခံစားသူသည် ပြည်သူများဟုတ်၊ မဟုတ်၊ တင်သွင်းသူများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သူများဟုတ်၊ မဟုတ်ဆိုသည်ကိုလည်း ခွဲခြားတိုင်းတာနိုင်သည့်စနစ်လိုအပ်ပါကြောင်း။

အထူးသဖြင့် အောက်တိုဘာနှင့် နိုဝင်ဘာလတို့သည် မိုးသီးနှံများရိတ်သိမ်းချိန်နှင့် ဆောင်းသီးနှံများ စတင်စိုက်ပျိုးချိန်ဖြစ်ပါကြောင်း၊ ထိုကာလအတွင်း တောင်သူများသည် ထွန်ယက်ခြင်း၊ ရေသွင်းခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့အတွက် စက်သုံးဆီကို အများအပြားအသုံးပြုရမည်ဖြစ်ပါကြောင်း၊ အခွန်လျှော့ပေါ့မှုကို ချက်ချင်းရပ်ဆိုင်းလိုက်ပါက စက်သုံးဆီကုန်ကျစရိတ်မြင့်တက်ပြီး တောင်သူများ၏ထုတ်လုပ်မှုကုန်ကျစရိတ်၊ တောင်သူဝင်ငွေ၊ စိုက်ပျိုးထုတ်ကုန်ဈေးနှုန်းနှင့် စားနပ်ရိက္ခာဈေးနှုန်းများအပေါ် ဆက်တိုက်သက်ရောက်နိုင်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ၏ လောင်စာလိုအပ်ချက်ကို လမ်းပေါ်မော်တော်ယာဉ်များနှင့် တူညီသောစနစ်တစ်ခုတည်းဖြင့် မစီမံသင့်ပါကြောင်း။

ထိုစနစ်ထူထောင်ခြင်းဖြင့် အမှန်တကယ် လယ်ယာလုပ်ငန်းသုံးစွဲသူများကို ကူညီပေးနိုင်သကဲ့သို့ စက်သုံးဆီအလွဲသုံးစားမှုနှင့် ပြန်လည်ရောင်းချမှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အချုပ်အားဖြင့် ယခုသဝဏ်လွှာတွင်တင်ပြထားသည့် ဒီဇယ်ဆီ HSD 500 ppm နှင့် LNG အပေါ် အခွန်ကင်းလွတ်ခွင့်ကို နောက်ဆုံးအကြိမ်အဖြစ် တစ်လထပ်မံတိုးမြှင့်ခွင့်ပြုရန် တင်ပြချက်ကို ထောက်ခံပါကြောင်း။

သို့သော် စက်တင်ဘာ ၃၀ ရက် နောက်ပိုင်းတွင် အခွန်ကင်းလွတ်ခွင့်ကို ထပ်မံတိုးမြှင့်ရန် မလိုအပ်စေရေးအတွက် ရေရှည်တည်တံ့နိုင်သော လောင်စာဆီနှင့် စွမ်းအင်အခွန်မူဝါဒတစ်ရပ်ကို ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်မှရရှိသည့် အကျိုးကျေးဇူးများသည် တင်သွင်းသူများထံတွင်သာ မကျန်ရှိဘဲ ဒီဇယ်ဈေးနှုန်း၊ သယ်ယူပို့ဆောင်ရေးခ၊ စားသောက်ကုန်ဈေးနှုန်းနှင့် လျှပ်စစ်ဓာတ်အားခများအပေါ် အမှန်တကယ်သက်ရောက်မှုရှိ မရှိ စောင့်ကြည့်အကဲဖြတ်ရမည်ဖြစ်ပါကြောင်း။

လယ်ယာသုံးစက်ယန္တရားများအတွက် သီးခြားမှတ်ပုံတင်စနစ်၊ Fuel QR စနစ်နှင့် လောင်စာခွဲတမ်းစနစ်တို့ကို အမြန်ဆုံးဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်လျှော့ပေါ့မှုကြောင့် လျော့နည်းသွားသော အခွန်ဝင်ငွေများကို ပြန်လည်ဖြည့်ဆည်းရာတွင် ပြည်သူများ၏ အခြေခံစားသောက်ကုန်များနှင့် ထုတ်လုပ်မှုကဏ္ဍအပေါ် ထပ်မံဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စနစ်တကျစီမံရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အခွန်ကင်းလွတ်ခွင့်ကို နောက်ဆုံးအကြိမ်အဖြစ် တစ်လထပ်မံတိုးမြှင့်ခွင့်ပြုရန် အကြံပြုဆွေးနွေးသည်။

**ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်းက** စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများ စိုက်ပျိုးရိတ်သိမ်းရာတွင် အဆင်ပြေစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှုမရှိစေရေး ထိမ်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် ဓာတ်ငွေ့ရည်အပေါ်ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇တွင် "ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို နောက်ဆုံးအကြိမ် တစ်လ (၁.၉.၂၀၂၆ ရက် မှ ၃၀.၉.၂၀၂၆ ရက်ထိ) ထပ်မံတိုးမြှင့်၍ခွင့်ပြုနိုင်ရေးအတွက် လေးလေးနက်နက်ထောက်ခံကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)ကို ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အား ဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ထို့အတူ စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD(500 ppm)ကို ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ လျှပ်စစ်ဓာတ်အား ဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (LNG)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွက် ထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်ကို အတည်ပြုပါဝင်သည့် စာလွှာကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်ကို အတည်ပြုပါဝင်သည့်စာလွှာကို လက်မှတ်ရေးထိုး၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခြင်းဖြင့် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အမြန်ဆုံးအသက်ဝင်၍ အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဖူလုံရေးအစီအမံများ ချမှတ်ခြင်းနှင့် အနာဂတ်ကာလတွင် သဘာဝဘေး၊ စစ်ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွမ်းအင်ပြတ်လပ်မှုအခက်အခဲများကို တစ်နိုင်ငံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ရေတို၊ ရေရှည်အရေးပေါ်တုံ့ပြန်မှုအစီအမံများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အကူအညီများရရှိနိုင်မည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင်အသက်ဝင်နိုင်ရေးအတွက် စာချုပ်ကို အတည်ပြုပါဝင်သည့်စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ကြိုတင်သဘောတူခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် စာချုပ်ကို အတည်ပြုပါဝင်သည့်စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘယ်လာရုစ်သမ္မတနိုင်ငံ DBRB နှင့် Belin-vestbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ပို့ကုန်ချေးငွေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်က ပြည်ပသို့ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ တင်ပို့ရောင်းချရာ၌ ဝယ်ယူသူ၊ ပစ္စည်းတင်သွင်းသူအနေဖြင့် ကျသင့်ငွေပေးချေရာတွင် ဘဏ်မှ ချေးငွေရယူ၍ ပေးချေခြင်းဖြစ်ပါကြောင်း၊ ယခု ပို့ကုန်ချေးငွေမှာ ဘယ်လာရုစ်နိုင်ငံက ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ ခေတ်မီစက်ပစ္စည်းကိရိယာများ၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို မြန်မာနိုင်ငံမှ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဝယ်ယူရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ဘဏ်တစ်ခုခုမှ ချေးငွေရယူ၍ ပစ္စည်းဖိုးပေးချေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ကုန်လုပ်ငန်းရှင်က ဘယ်လာရုစ်သမ္မတနိုင်ငံမှဖြစ်ပြီး သွင်းကုန်လုပ်ငန်းရှင်က မြန်မာနိုင်ငံမှ ဖြစ်ပါကြောင်း။

ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ပို့ကုန်ချေးငွေဖြင့် ဝယ်ယူနိုင်မည့် ပို့ကုန်ပစ္စည်းအမျိုးအစားများမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ပစ္စည်းများ၊ ကြားခံကုန်စည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ ဖြစ်ပါကြောင်း၊ ပို့ကုန်ချေးငွေရယူရန်အတွက် ချေးငွေဆိုင်ရာစည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလသည် အများဆုံး တစ်နှစ်ဖြစ်ပြီး ချေးငွေသက်တမ်းမှာ တစ်နှစ်မှ ငါးနှစ်ထိဖြစ်ပါကြောင်း၊ ချေးငွေကို ရုရှားရူဘယ် (RUB) သို့မဟုတ် ဘယ်လာရုစ်ရူဘယ် (BYN) သို့မဟုတ် တရုတ်ယွမ်(CNY) သို့မဟုတ် အမေရိကန်ဒေါ်လာ (USD) သို့မဟုတ် ယူရို (EUR) စသည့် ငွေကြေးအမျိုးအစား ငါးမျိုးဖြင့် ရယူနိုင်ပါကြောင်း၊ အတိုးနှုန်းကို ချေးငွေရယူမည့် ငွေကြေးအမျိုးအစားနှင့် ပို့ကုန်ပစ္စည်းအုပ်စုအပေါ်မူတည်၍ သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

ချေးငွေရယူမည့် ငွေကြေးအမျိုးအစားအလိုက် ၂၀၂၆ ခုနှစ် စက်တင်ဘာလရှိ အတိုးနှုန်းဖြင့် တွက်ချက်ကြည့်ပါက အတိုးနှုန်းများမှာ အနည်းဆုံး ၂ ဒသမ ၂၅ ရာခိုင်နှုန်းမှ အများဆုံး ၉ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပို့ကုန်ချေးငွေရယူရာတွင် အတိုးနှုန်းအပြင် အာမခံကြေးကိုပါ ပေးဆောင်ရမည်ဖြစ်ပြီး အာမခံကြေးမှာ ချေးငွေသက်တမ်း အနည်း၊အများအပေါ်မူတည်၍ ပြောင်းလဲမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ချေးငွေဆိုင်ရာမူဘောင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးဖြစ်ရာ လွှတ်တော်ကသဘောတူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်တို့က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို အောက်တိုဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့





# ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းအခမ်းအနားကျင်းပ





**မန္တလေး အောက်တိုဘာ ၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူလူထု၏ မျက်စိကျန်းမာရေးကို ပိုမိုမြှင့်တင်နိုင်ရန်ရည်ရွယ်၍ အခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ရွှေအလင်းရောင်(ရိုတို) မျက်စိအထူးကုဆေးရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မျက်စိ၊ နား၊ နှာခေါင်း၊လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး)နှင့် ခုတင် ၅၀ ဆံ့ စဥ့်ကိုင်မြို့နယ် မျက်စိဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ရွှေအလင်းရောင်(ရိုတို) မျက်စိအထူးကုဆေးရုံမှ တာဝန်ရှိသူများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ မျက်စိဝေဒနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရွှေအလင်းရောင်(ရိုတို)မျက်စိအထူးကုဆေးရုံမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်စန္ဒာရွှေက ကျေးဇူးတင်စကားပြောကြားကာ ပါမောက္ခ ဒေါက်တာသန်းထွန်းအောင်က မျက်စိကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး (မန္တလေး)နှင့် ခုတင် ၅၀ ဆံ့ စဥ့်ကိုင်မြို့နယ်မျက်စိဆေးရုံကြီးအတွက် အလှူငွေများကို ရွှေအလင်းရောင်(ရိုတို)မျက်စိအထူးကုဆေးရုံမှ တာဝန်ရှိသူက ဆေးရုံအုပ်ကြီးများထံသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးများက ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ရွှေအလင်းရောင် (ရိုတို)မျက်စိအထူးကုဆေးရုံတွင် ခေတ်မီစက်ကိရိယာများဖြင့် ကျွမ်းကျင်မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေးမည့် မျက်စိဝေဒနာရှင်များကို နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**မန္တလေး အောက်တိုဘာ ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမဥ္စကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၆) ထုတ်ပြန်

၁။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများမှ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ရေယာဉ်၊ လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး အောက်တိုဘာလတွင် နိုင်ငံတော်၏ညွှန်ကြားချက်ဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသို့ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာပြန်လည်ခေါ်ဆောင်ခဲ့ပြီး ကျန်းမာရေးနှင့်လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၃ တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်"ဟု ဖော်ပြထားပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ (၂) တွင် "လူတိုင်းတွင် မိမိ၏နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိ၏နိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်"ဟု အတိအလင်းဖော်ပြထားသည့်အတိုင်း ပြည်ပရောက်နိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးဒုက္ခနှင့် အခက်အခဲများမှ ကင်းလွတ်စေရန် နိုင်ငံတော်အနေဖြင့် အကာအကွယ်ပေးခြင်းနှင့် နေရပ်ပြန်ခွင့်ကို လက်တွေ့ကျကျဖော်ဆောင်ပေးခြင်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီသော လုပ်ဆောင်ချက်ဖြစ်ပါသည်။

၃။ နိုင်ငံသားတိုင်း ဥပဒေအရအကာအကွယ်ရရှိစေရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပြည့်ဝစွာရရှိစေရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို နေရပ်သို့ ပြန်လည်ခေါ်ဆောင်သည့်လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုထောက်ခံပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

(ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

# ရောဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့ရွာ၊ ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ နုန်းများ၊အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၌လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၁၁ လက်မခန့်နှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေ ၆ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့







များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျောင်းမှာဆိုရင် ကျွန်မတို့ သမိုင်းသင်ခန်းစာမှာ သင်ကြားရတဲ့အချက်အလက်တွေက စာတွေ့ပေါ့နော်။ အဲ့ဒီစာတွေ့အပြင်ကို အခုလိုမျိုး နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ လေ့လာခွင့်ရခဲ့တာကတော့ သင်ကြားရေးလဲ ပိုပြီးတော့ ထိရောက်ကတည်းက ကျွန်တော်တို့ ကျောင်းသားတွေအားလုံး စိတ်လှုပ်ရှားရတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျောင်းသားတွေကို ဗဟုသုတတွေ အများကြီးရရှိစေတယ်။ ကိုယ်မသိသေးတဲ့ အကြောင်းတွေလဲ သိခွင့်ရရှိတယ်။ ကျောင်းမှာကျတော့ သမိုင်းကို စာတွေ့ပဲသင်ရတာ။ ဒီမှာကျတော့ လက်တွေ့လူကြီးတွေက ရှင်းပြတယ်။ ရှင်းပြတဲ့အကြောင်းအရာတွေကို ကျွန်တော်တို့က လိုက်မှတ်တယ်။ အဲ့ဒီတော့ ဗဟုသုတတွေ အများကြီးရရှိပါတယ်”ဟု ပြောသည်။

“အခုလို စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့် ရရှိတဲ့အတွက် မသိခဲ့တဲ့ ဟာတွေလဲသိရတယ်၊ မမြင်ဖူးတဲ့ ဟာတွေလဲမြင်ရတယ်။ ပြီးတော့ စာတွေ့မဟုတ်ဘဲနဲ့ လက်တွေ့နဲ့ အများကြီး လေ့လာရတာပေါ့။ တွေ့ရတဲ့နေရာကတော့ အများကြီးရှိပေမယ့် သဘောအောင်မြင်သလို အစဉ်အလာကောင်းတဲ့ မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းတွေကို လေ့လာခွင့်ရရှိတဲ့အတွက် အရမ်းကို ဂုဏ်ယူဝမ်းသာမိပါတယ်။ ရှေ့ဆက်ပြီးတော့လဲ ဒီလိုမျိုး လေ့လာရေးခရီးတွေကို လေ့လာခွင့်တွေ အများကြီး ရချင်ပါသေးတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်”ဟုပြောသည်။

“လေ့လာရေးခရီး သွားမယ်ဆိုကျတာဆိုလို့ရှိရင် လေယာဉ်ပြခန်းတွေရယ်၊ ပြီးတော့ ရှေးခေတ်ကနေ ခေတ်အဆက်ဆက် လက်နက်ပစ္စည်းတွေ၊ ကိရိယာတွေ လေ့လာခွင့်ရှိခဲ့ပါတယ်။ စစ်သမိုင်းကို လာရောက်လေ့လာခွင့်ရရှိတဲ့အတွက် နိုင်ငံတော်ရော၊ ဆရာ၊ ဆရာမတွေရော ရှင်းပြတဲ့သူတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်”ဟုပြောသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများက ရေပြန်လည်ကျဆင်းသွားသည့်နေရာ၌ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။

❑ တနင်္သာရီတိုင်းဒေသကြီးမှ

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေစိုင်၊မြေခဲများကို ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များက သဘာဝဘေးဒဏ်ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန်ကျေးရွာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဆိုပါကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ပတ်ဝန်းကျင်ဒေသရှိ သဗျာ၊ပညင်း၊ညင်းမော်၊ ပြင်းထိန်၊ ပိန်းချောင်း၊ စန်းလှမ်းကျေးရွာတို့မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ နေအိမ်များအတွင်း ဝင်ရောက်နေသော ရွှံ့မြေများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ နေအိမ်နှင့် လမ်းများပေါ်ရှိ ပြိုကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကဒက်ငယ်ထိန်ကျေးရွာ လမ်းမပေါ်ရှိ ပြိုကျနေသောမြေများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများကိုမြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသော အမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျောက်နီမော်ကျေးရွာတွင် ကျေးရွာအတွင်းနှင့် လမ်းပေါ်ရှိ ပြိုကျမြေစိုင်၊ မြေခဲများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်လမ်းမတစ်လျှောက်နှင့် စာသင်ကျောင်းတို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းများအခြေအနေကို ယမန်နေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ပျားမွေးမြူသူများကို ပျားရည်ထုတ်လုပ်ရာတွင် လိုအပ်သည့်ပျားရည်ထုတ်စက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ယာဉ်၊ ယန္တရားကြီးများ ကွင်းခိုင်မှု၊ ထိန်းသိမ်းထားရှိမှု၊ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် တမာကုန်းကျေးရွာအုပ်စု တမာကုန်း(မြောက်ရွာ)တွင် သောက်သုံးရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေ၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကန်ဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွှေတောင်ပေါ်ရှိ စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်းလေးမိုင်ဖောက်လုပ်ပြီးစီးမှု၊ အဆိုပါလမ်းပေါ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း၊ Box Culvert၊ ကျောက်စီရေမြောင်း၊ ကွန်ကရစ်ရေကျော်၊ ကွန်ကရစ်မြေထိန်းနံရံလုပ်ငန်းများ၊ ပြက္ခရွှေတောင်ပေါ်ရှိ စွယ်တော်မြတ်စေတီပရိဝုဏ်အတွင်း ဆောင်ရွက်လျက်ရှိသည့် (၅၀x၃၀x၂၄)ပေ RC နှစ်ထပ်ဓမ္မာရုံတည်ဆောက်နေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





ယာဉ်မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်လက် ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသည့်လူနာကို အာရုံကြောတွဲဆက်ပြီးနောက် အရေပြားအစားထိုး ခွဲစိတ်ကုသမှု မှတ်တမ်းဓာတ်ပုံ။



လူနာကို ခွဲစိတ်ကုသပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

● ပြတ်တောက်သွားသောလက်မှ

စနစ်တကျထိန်းသိမ်း၍ ဒဏ်ရာရရှိပြီး ခြောက်နာရီအတွင်း တပ်မတော်လေယာဉ်ဖြင့် မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြတ်တောက်သွားသော ဘယ်ဘက်လက်ကို ပြန်လည်တွဲဆက်ကုသနိုင်ရန်အတွက် ကနဦးစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပြီး ပထမအဆင့် ခွဲစိတ်ကုသမှုဖြစ်သော ခွဲစိတ်ကုသမှုများဖြစ်သော လက်သို့ ပြန်လည်တွဲဆက်ကုသခြင်း (Replantation Surgery)ကို ဒဏ်ရာရရှိသည့်နေ့တွင်ပင် ခြောက်နာရီကြာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စက်တင်ဘာ ၃၀ ရက်တွင် လိုအပ်သော သွေးကြော၊ အာရုံကြောနှင့် အရိုးပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးကုသမှုများကို ထပ်မံပြုလုပ်ခဲ့ပြီး ဒုတိယအဆင့် ခွဲစိတ်ကုသမှုများဖြစ်သော လက်သို့ ထောက်ပံ့သောအာရုံကြောများ ခွဲစိတ်ကုသခြင်း (Brachial Plexus Surgery)၊ ပြတ်တောက်သွားသော အာရုံကြောများကို အစားထိုးတွယ်ဆက်ခြင်း(Nerve Graft Surgery)၊ အရွတ်ကြောများ ပြန်လည်တွယ်ဆက်ခြင်း (Internal Splintage)နှင့် အရေပြားအစားထိုးခြင်း (Split Skin Graft)တို့ကို ထပ်မံ၍ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ခွဲစိတ်ကုသချိန် ခြောက်နာရီကျော် ကြာမြင့်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လူနာကလေးငယ်၏ ခွဲစိတ်ကုသမှုခံယူပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တွဲဆက်ထားသောလက်၏ သွေးလည်ပတ်မှု၊ အာရုံကြောတွယ်ဆက်ထားမှုနှင့် လက်၏ လှုပ်ရှားနိုင်မှုတို့ကို ဆက်လက်ကြည့်ရှုကုသမှုများလုပ်ဆောင်ပေးနေပြီး ပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ပြတ်တောက်သွားသော လက်အား ပြန်လည်တွဲဆက်ခြင်းခွဲစိတ်ကုသမှုများကို တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ သွေးကြောပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ မေ့ဆေးပါရဂူ၊ ကလေးကုသမှုပါရဂူနှင့် ဓာတ်မှန်ပါရဂူများပါဝင်သော ကျွမ်းကျင်သူများနှင့် သူနာပြုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်မှ စတင်၍ လက်မပြတ်တောက်မှု၊ လက်ကောက်ဝတ်မှ ပြတ်တောက်မှု၊ လက်ခလယ်ပြတ်တောက်မှု စသည့် အထူးလက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုခြောက်မျိုးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ပခုံးဆစ်မှ လုံးဝပြတ်တောက်သွားသော လက်တစ်ဖက်ကို ထပ်မံ၍ အောင်မြင်စွာခွဲစိတ်၍ ပြန်လည်တွဲဆက်ကုသနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ပခုံးဆစ်မှ လုံးဝပြတ်တောက်ခြင်းဖြစ်စဉ်မှာ ဖြစ်ပွားမှုနည်းပါးပြီး ယခုကဲ့သို့ ပြင်းထန်သော ဘယ်ဘက်ပခုံးအဆစ်မှ လက်ပြတ်တောက်သွားခြင်း (Forequarter Amputation)ကို အောင်မြင်စွာခွဲစိတ်၍ ပြန်လည်တွဲဆက်ပေးနိုင်ခြင်း (Replantation Surgery)သည် ကာယကံရှင် ကလေးငယ်နှင့်မိသားစုတို့၏ ဘဝမျှော်လင့်ချက်များ ပြန်လည်ပေးအပ်နိုင်သကဲ့သို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက်လည်း ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်သစ်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)

❖ ဂုဏ်ပြုကြိုဆိုမှ

ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ အားကစားရေးရာဝန်ကြီးဌာန၊အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ တိုင်းရင်းသားဘာသာ တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ရှိ (Nagoya City Higashi Sports Center)၌ ကျင်းပခဲ့သည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် Esports အသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Esports အမျိုးသားအသင်းပြိုင်ပွဲတွင် မျိုးမြင့်ကိုကိုကျော်၊ ဟိန်းထက်ဦး၊ ကျော်သူရ၊ ဟန်ထူးဆွေ၊ ရှိုင်းလင်းအောင်တို့က ရွှေတံဆိပ်ဆုကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)









၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**○ အားကစားပြိုင်ပွဲများမှ**

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲဗိုလ်လုပွဲ၊အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လေးယောက်လက်ဆင့်ကမ်းပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ (၅) အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ (၇) မီတာ ၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲများကိုလည်းကောင်း၊ ဇေယျာသီရိအမှတ်(၁)လေ့ကျင့်ရေးကွင်း၌ အမျိုးသား၊အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊အမျိုးသမီးခုနစ်မျိုးစုံ (၆) လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး ကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက် (က)တန်း၊ အမျိုးသား ဗန်တိုအတိုက် (ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက် (ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဓားနှစ်လက်အတိုက် (ခ)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အသက် ၂၅ နှစ်အောက် သုံးယောက်တွဲ အဖွဲ့လိုက်အုပ်စုပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ ၅၆ ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိ၊စစ်သည်၊မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)













၂၀၂၆ ခုနှစ်
တပ်မတော် (ကြည်း၊ ရေ၊ လေ)
အားကစားပြိုင်ပွဲများ
ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို
တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ ဖြိုချဖျက်ဆီးမည့် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံ မဖြိုဖျက်မီ မှတ်တမ်းဓာတ်ပုံ။

စနစ်တကျထပ်မံဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံအမျိုးအစားများမှ ငါးထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ အလုံး ၁၄၀ အနက် ၇၇ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၍ ယခုဖြိုချဖျက်ဆီးဆဲ တစ်လုံးနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချ လိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ စနစ်တကျအစီအစဉ်ချ၍ အပြီးတိုင် အမြစ်ပြတ်ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အလှမ်းဝေးသော နယ်စပ်ဒေသများတွင် အခြေပြုခိုအောင်း လုပ်ကိုင်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းထန်ထိရောက်စွာဖမ်းဆီးအရေးယူ၍ အွန်လိုင်း

**■ ထပ်မံဖြိုချဖျက်ဆီးမှု**

ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအနက် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကို ယနေ့တွင် ဒုတိယပိုင်းအနေဖြင့် စတင်ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး သတင်းကွင်းဆက်များရယူ အစီအမံများရေးဆွဲ၍ အသေးစိတ် ဝင်ရောက်ရှင်းလင်းခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင်အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ ၆၃၅ လုံးကို ရှာဖွေဖော်ထုတ် ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး ယင်းဒေသတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုံးဝပြန်လည်အခြေမချနိုင်စေရေးအတွက် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း(၁၊ ၂၊ ၃) သတ်မှတ်၍ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့်စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်းကိုလည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ အလုံး ၁၄၀ ကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ယင်းတို့ကိုချိပ်ပိတ်၍ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးကို ဇူလိုင် ၂၆ ရက်တွင် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ လေးလုံး၊ လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံများကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"နိုင်ငံတွင်း ပညာတတ်လူငယ် ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ၇-၁၀-၂၀၂၆ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၄-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မန္တလေးတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး အောက်တိုဘာ ၆

မန္တလေးတိုင်း ဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက အယ်လ်နီညို ရာသီဥတုနှင့်ပတ်သက်၍ ရာသီဥတု ဆိုင်ရာအခြေအနေများကို ဆွေးနွေး ပြောကြားပြီး တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက စီမံချက်များနှင့် ပတ်သက်၍ ကဏ္ဍများအလိုက် ဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသူများ၊ Zoom Meeting ဖြင့်တက်ရောက်ကြသူများ၏ ဆွေးနွေး တင်ပြချက်များနှင့်ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မျိုးကျော်

# လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ အဆောင်တစ်ခု၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်နေသူများကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ ဝင်းချယ်ရီအဆောင်၌ အွန်လိုင်းလိမ်လည်လောင်းကစားခြင်းများ လုပ်ကိုင်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ရှာဖွေစစ်ဆေးရာ အဆိုပါအဆောင်ရှိ အခန်းတစ်ခန်းအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၅ မိနစ်ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားခြင်းနှင့်ပတ်သက်သည့် သတင်းများအရ လားရှိုးမြို့ ဗျူဟာလမ်းရှိ ဝင်းချယ်ရီအဆောင်အတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးရာ အဆောင်ရှိ အခန်းအမှတ်(၂၁၄)အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူ လားရှိုးမြို့နေ မင်ဟွေးဆင် (ဘ) ဦးငွားပူ၊ မဝေ့ဖူး (ဘ) ဦးငွားပူ၊ ကောင်းဝင်းကြည် ခေါ် အန်းဝယ်(ဘ) ဦးကောင်းကျင်၊ ထန်အင်ရှီ ခေါ် အဖျင်း (ဘ) ဦးဖာဝမ်းတို့ လေးဦးကို အွန်လိုင်းလောင်းကစားလုပ်ကိုင်ရာတွင်အသုံးပြုသည့် Laptop လေးလုံး၊ All in One ကွန်ပျူတာ တစ်လုံး၊ ဖုန်းမျိုးစုံ ခုနစ်လုံး၊ Wifi စက် နှစ်လုံး၊ ငွေကျပ် ၄၇၅၀၀၀ တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများကို လားရှိုးမြို့မရဲစခန်းက အီလက်ထရောနစ်ဥပဒေပုဒ်မ ၃၃ (က) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ဖမ်းဆီးရမိသည့်နေရာကို တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**အိမ်ပြင်ပဦထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဇလွန် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ကျားပျံဆန်၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ်ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပို့ခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ပါတယ်။ ဒီဘက်က ကျားပျံဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုတင်ပို့ရောင်းချနေတဲ့ ကျားပျံဆန်တွေက အရည်အသွေး ကောင်းတဲ့အတွက် အရင်လကရော လက်ရှိလထဲမှာပါ အဝယ်လိုက်နေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်နေမှု စစ်ဆေး

ကျိုက်မရော အောက်တိုဘာ ၆

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ နတ်စမ်းကျေးရွာ၌ အရှည်ပေ ၁၂၅၀၊ အကျယ် နှစ်ပေ၊ အနက် နှစ်ပေရှိ အုတ်စီရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်နယ်ရန်ပုံငွေကျပ် ၁၀၂ ဒသမ ၉၃၈ သန်းဖြင့် သံလွင်မြေကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၆ ခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးထံမှ သိရသည်။

သုတ

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ရေဦး အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၈၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နှမ်းစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၂၈၈၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။



ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်-၁ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘုတ်ပြင်း အောက်တိုဘာ ၆

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်-၁ ကျေးရွာ၌ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာစုပေါင်းခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အေးချမ်းမြိုင်-၁ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ အိမိုးမိုး



# ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ အောက်တိုဘာ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှု လျော့ကျစေရန် ရည်ရွယ်၍ ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရွှေရန်ပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၆ ဒသမ ၂၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရွှေရန်ပြေကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၆ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# အဖိုးတန်နှင့် ရွေးချယ်မှုအမှန်

ဇော်လေး

**နိဒါန်း**

သည်ယနေ့ စာဖတ်သူနဲ့တွေ့ဆုံခွင့်ရတာကို အထူးပဲကြည်နူးဝမ်းသာဂုဏ်ယူပါတယ်။ ဘာကြောင့်လဲဆိုရင် စာဖတ်သူအတွက် တန်ဖိုးရှိလှတဲ့အချိန်ကို အကျိုးရှိစေမယ့်အသိအမြင်ရစေနိုင်မှာမို့ ဒီစာကို မဖတ်ခင်အချိန်ထက် ဖတ်ပြီးသွားတဲ့အချိန်မှာ အသိအမြင်အတွေးအခေါ် သိသာထူးခြားအောင် အကျိုးရှိစေနိုင်မှာမို့ပါ။ ဒုတိယအချက်က စာရေးသူမျှဝေတင်ပြချင်တဲ့အကြောင်းအရာကို ယခုစာဖတ်နေသူကို ပေးခွင့်ရလို့ပါ။

ကလျာဏမိတ္တသမ္ပဒါ=မိတ်ကောင်းဆွေကောင်း အဖော်အပေါင်းကောင်းနဲ့တွေ့ဆုံယှဉ်တွဲရခြင်းဟာ မင်္ဂလာရှိစေတဲ့ အကြောင်းရင်းတရားတစ်ခုပဲလေ။ သပ္ပုရိသူပနိဿယျစက်ဆိုတဲ့ အချက်ဟာလည်း ဘဝလမ်းကြောင်းကို ထူးထူးခြားခြားပြောင်းလဲကောင်းမွန်(ကြီးပွားထွန်းပေါက်) သွားအောင်၊ အထောက်အပံ့ပြုနိုင်လောက်အောင် အစွမ်းရှိပါတယ်။ အကျိုးရှိစေနိုင်ပါတယ်။ အဲဒီလိုကောင်းကျိုးရစေအောင် ဆရာတော်၊ သံဃာတော်တစ်ပါးနဲ့ သမိုင်းတွင်အောင်ထူးခြားတဲ့ ရောမဘုရင်ဧကရာဇ်တစ်ပါးရယ်၊ မြန်မာပြည်မှာ ငါးနှစ်ကြာနေသွားခဲ့ဖူးတဲ့ ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာတစ်ဦးရယ် စာဖတ်သူကိုမိတ်ဆက်ပေးမှာဖြစ်ပါတယ်။

**ဘယ်သူတွေလဲ**

သူတို့နဲ့ရင်းနှီးခင်မင်ရလို့ အကျိုးလုံးဝမယုတ်စေရပါ။ ကောင်းကျိုးအဖြာဖြာတိုးစေမှာသာဖြစ်ပါတယ်။

၁။ အင်းဝခေတ်စာဆိုအကျော် အရှင်မဟာသီလဝံသ(၁၄၅၃-၁၅၁၈)

၂။ ရောမအင်ပါယာကြီးရဲ့ နောက်ဆုံးဧကရာဇ်မင်း မားကပ်စ်အော်ရေးလိယပ်စ် (အေဒီ ၁၂၁-၁၈၀)

၃။ ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာ ဂျော့ချ်အော်ဝဲလ်(၁၉၀၃-၁၉၅၀)

စာဖတ်သူလည်း ယခင်က သူတို့အကြောင်းကို အတော်အတန်သိပြီးသားတော့ဖြစ်ကောင်းဖြစ်မှာပါ။ စာရေးသူက အကြိမ်ကြိမ်ဖတ်ရှုမှတ်သားပြီး အရေးကြီးတယ်လို့ထင်တာလေးများကို လက်ရွေးစင်ရွေးချယ်ကောက်နုတ်ပြီး လိုရင်းကိုသာ တိုတိုရှင်းရှင်းဖော်ပြမှာဖြစ်ပါတယ်။ အကျယ်တဝင့်သိချင်စိတ်ပေါ်လာရင်တော့ ဆက်လက်ရှာဖွေလေ့လာယူလို့ရပါတယ်။ သူတို့အကြောင်းအနည်းငယ်နဲ့ သူတို့ရေးသားခဲ့တဲ့စာကြောင်းစာပိုဒ်တချို့ကို မိတ်ဆက်ပေးမှာပါ။ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်းပြုစုတဲ့ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ မားကပ်စ်အော်ရေးလိယပ်စ်ရေးထားခဲ့တဲ့မှတ်စုမှတ်တမ်းများ၊ မောရိသျှ ဘာသာပြန် မြန်မာလိုရှိပါတယ်။ Ryan Holiday စုစည်းခဲ့တဲ့ Meditation of MARCUS AURELIUS ANTONINUS စတဲ့ကျမ်းများကိုလည်း ဆက်လက်လေ့လာလို့ရပါတယ်။ သမိုင်းတွင်အောင်ထူးခြားတဲ့ ရောမဧကရာဇ်တစ်ပါးပါ။

တတိယပုဂ္ဂိုလ်ဂျော့ချ်အော်ဝဲလ်ကတော့ ပုလိပ်အရာရှိ(ရဲ)အနေနဲ့ မြန်မာပြည်မှာ ငါးနှစ်ကြာတာဝန်ထမ်းသွားခဲ့ဖူးပါတယ်။ စာရေးဆရာမဖြစ်သေးခင် စာရေးဖို့ စာသမားပေသမားအနေနဲ့ ကုန်ကြမ်းများ စုဆောင်းနေချိန်ကပေါ့။ ယနေ့တွေ့ဆုံရမယ့် ပုဂ္ဂိုလ်တို့ရဲ့ တစ်စွန်းတစ်စပုံရိပ်ကိုမြင်ရရင်ပဲ ဆက်လက်ပြီးလေ့လာမှတ်သားရမယ့် ပုဂ္ဂိုလ်များဆိုတာ သိမြင်ကြမှာပါ။ စိတ်ဝင်စားမယ်လို့ ယုံကြည်ပါတယ်။ အင်မတန်ကျော်ကြားထင်ရှားကြတဲ့ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။

**အရှင်မဟာသီလဝံသ(၁၄၅၃-၁၅၁၈)**

မြန်မာသက္ကရာဇ် ၈၁၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့နယ် မြို့လုလင်ရွာ အဖ ဦးကြည်၊ အမိ ဒေါ်ခွေးတို့က မွေးဖွားပါတယ်။ မြန်မာစာပေသမိုင်းတွင် အထူးပင်ထင်ရှားတဲ့ စာဆိုအကျော်အမော်၊ "ပေလေးပင်၊ ရှင်လေးပါး"အပါအဝင် ဆရာတော်ဖြစ်ပါတယ်။ ငယ်နာမည်မှာ မောင်ညိုဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၅၀၀ ကျော် မင်းနေပြည်တော် အင်းဝသို့ အရှင်မဟာသီလဝံသရောက်တဲ့အခါ တောင်တွင်းကြီး နတ်မှီကျောင်းမှာ နှစ် ၂၀ ကြာပညာသင်ယူဆည်းပူးခဲ့ပြီး သက်တော် ၄၀ နီးနီးအရွယ်ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ပြည့်စုံတာရယ်၊ ပျို့စာဆိုအနေနဲ့ နိုင်ငံတစ်ဝန်းထင်ရှားတာရယ် ဘုရင်ကိုယ်တော်တိုင် ကျောင်းဆောက်လှူဒါန်းပါတယ်။ "ကဗျာအရာတွင် ရှင်မဟာသီလဝံသတည်း"လို့ အဲဒီခေတ်အခါက ကျော်ကြားခဲ့တယ်။

> ❖ လွန်ခဲ့တဲ့ နှစ် ၅၀၀ ကျော် မင်းနေပြည်တော် အင်းဝသို့ အရှင်မဟာသီလဝံသရောက်တဲ့အခါ တောင်တွင်းကြီး နတ်မှီကျောင်းမှာ နှစ် ၂၀ ကြာပညာသင်ယူဆည်းပူးခဲ့ပြီး သက်တော် ၄၀ နီးနီးအရွယ်ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ပြည့်စုံတာရယ်၊ ပျို့စာဆိုအနေနဲ့ နိုင်ငံတစ်ဝန်းထင်ရှားတာရယ် ဘုရင်ကိုယ်တော်တိုင် ကျောင်းဆောက်လှူဒါန်းပါတယ်။ "ကဗျာအရာတွင် ရှင်မဟာသီလဝံသတည်း"လို့ အဲဒီခေတ်အခါက ကျော်ကြားခဲ့တယ်။ ❖

အရှင်မဟာသီလဝံသထက် သက်တော် ၁၅ နှစ်လောက်ပိုငယ်တဲ့အရှင်မဟာရဋ္ဌသာရလည်း ထင်ရှားထူးချွန်တဲ့ စာဆိုပုဂ္ဂိုလ်ပါပဲ။ သူကတော့ အင်းဝနန်းတွင်းက ဘုရင်၊ မိဖုရားတို့နဲ့လည်း ဆွေမျိုးသားချင်းတော်စပ်သူမို့ ဆယ်ကျော်သက်အရွယ်ကပင် ငယ်နာမည် မောင်မောက်ဆိုပြီး ကျော်ကြားခဲ့သူပေါ့။ တောကတက်လာတဲ့ တောင်တွင်းက ဆရာတော်၊ ချီးထောင်လှတယ် စသဖြင့်မနာလိုမရှုဆိတ်စွာ အရှင်မဟာသီလဝံသကို သရော်လှောင်ပြောင်တိုက်ခိုက်ပါတယ်။ အင်းဝခေတ်စာပေတိုက်ပွဲဆိုပြီး ဆရာတော်နှစ်ပါးရဲ့စာများကို နှိုင်းယှဉ်ဝေဖန်ရင်းက နှစ်ဖက်အပြန်အလှန်အပြစ်ရှာပြောဆိုခဲ့ကြ၊ ရေးခဲ့ကြတာလည်းရှိခဲ့ပါတယ်။ (မေမြို့မိုးကြည်ရေးတဲ့ မြန်မာစာပေတိုက်ပွဲများမှာလည်း ပါဝင်ပါတယ်)သို့ပေမယ့် အင်းဝရှိစာပေပရိသတ်တချို့က "တောင်ကိုမဖောက်၊ တောင်းကိုဖောက်သည်၊ စိန်ကျောက်အသွင် သီလဝံ" လို့ ဆိုကြပါသတဲ့။ ဒါကို ဆရာတော်က ရေးသလိုလိုပြောခဲ့ကြပေမယ့် အရွယ်ပိုပြီးကြီးသူပီပီ ရင့်ကျက်စွာသည်းခံတော်မူပါတယ်။

နန်းတွင်းသား၊ နေပြည်တော်အင်းဝမှာမွေးဖွားတဲ့ အရှင်မဟာရဋ္ဌသာရကတော့ သူ့ထက်သာလို့ မနာလိုစိတ်ရှိကောင်းရှိခဲ့မယ်၊ ကျိတ်ပြီးပြိုင်နေတာဖြစ်ကောင်းဖြစ်ပေမယ့် သူလည်း အင်မတန်ထူးချွန်ထူးခြားတဲ့ဆရာတော်တစ်ပါးပါ။ "ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ"စသဖြင့် နောင်တရပြီး ဆရာတော်ကြီး အရှင်မဟာသီလဝံသကို သူရေးဖွဲ့တဲ့ပျို့ထဲမှာ တောင်းပန်တော်မူပါတယ်။ အမှားဝန်ခံရဲခြင်း၊ တောင်းပန်ဝန်ချခြင်းဆိုတာ သူတော်ကောင်းလက္ခဏာပေပဲ။

"ဒီဘဝအတွက်တော့ နှမလက်လျှော့နေလေတော့"ဆိုတာမျိုး၊ "မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍" စတဲ့စကားလုံးမျိုး အင်မတန်ထူးကဲအောင် သီကုံးတော်မူနိုင်စွမ်းရှိတာမို့ ဂျာနယ်ကျော်ဦးချစ်မောင်နဲ့ ဂျာနယ်ကျော်မမလေးရဲ့သား မောင်သိန်းတန်မင်းသားအဖြစ် "နှမလက်လျှော့နေလေတော့"ဆိုတဲ့ ရုပ်ရှင်ဇာတ်ကား၊ အဆိုတော်တွံတေးသိန်းတန်သီဆိုတဲ့ "နှမလက်လျှော့နေလေတော့" သီချင်းခေတ်ပြား စသဖြင့် ၂၀ ရာစုတိုင်အောင် စကားလုံးက လွှမ်းမိုးစေခဲ့တာကြည့်လေ။ "သုစိပုဘာဝိလိသိဓာ"ဆိုတဲ့ စာသင်သားတို့ပညာစာပေကြိုးစားစေတဲ့ နေ့စဉ်လုပ်ငန်းရှစ်ချက်ကို ကဗျာစီပေးခဲ့တော်မူတာသူပဲပေါ့။

မိမိထက် သက်တော်ဝါတော်ငယ်ရွယ်တဲ့ အင်းဝဇာတိဆရာတော်က ဘယ်လိုပဲပြုစုစောင်းမြောင်းခဲ့ပေမယ့်လည်း သည်းခံတော်မူပြီး(ရှာဖွေရရှိသမျှ) အောက်ပါပျို့ကဗျာများနဲ့ စကားပြေကျမ်းများ ပြုစုရေးသားခဲ့တော်မူပါတယ်။

၁။ ပါရမီတော်ခန်းပျို့(၁၄၉၁)

၂။ တောင်တွင်းလာပျို့(၁၉၄၂)

၃။ တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း(၁၉၄၃)

၄။ ဆုတောင်းခန်းပျို့(၁၄၉၈)

၅။ ပါရာယနဝတ္ထု(အစောဆုံးဝတ္ထု) (၁၅၀၁)

၆။ ရာဇဝင်ကျော်ကျမ်း(အစောဆုံး မြန်မာသမိုင်း)(၁၅၀၂)

၇။ မိတ္တီလာကန်တော်ဘွဲ့မော်ကွန်း(၁၅၀၇)

၈။ ရွှေနန်းကြော့ရှင် နန်းတည်မော်ကွန်း (၁၅၁၀)

၉။ ကမ္ဘာလောင်ကျမ်း(ပေစာမတွေ့)

၁၀။ ကမ္ဘာလောင်ပျို့(ပေစာမတွေ့)

၁၁။ နေတ္တိပါဠိတော်နိသျ

၁၂။ မဟာရဟာနီတိ

ရာဇဝင်ကျော်ကျမ်းမှာပါသော အောက်ပါစာပိုဒ်သည် မြတ်စွာဘုရားဟောကြားချက်ထဲမှ ကောက်နုတ်ရေးဖွဲ့ထားတဲ့ လေးလုံးစပ်ကဗျာလေးဖြစ်ပါတယ်။

**"သစ္စာ ဓမ္မ၊ ဝီရိယနှင့်**

**စာဂဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခု။"**

**မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း။**

ဤလေးချက်သည် ရန်သူကို အောင်မြင်ကြောင်း သဘောတရား။

**ရောမအင်ပါယာဧကရာဇ် မားကပ်စ်အော်ရေးလိယပ်စ်အန်တော်နီးနပ်စ်(အေဒီ ၁၂၁-၁၈၀)**

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ နီးပါးက ရောမအင်ပါယာကြီးမပြိုကွဲမီ နန်းသက်အနှစ် ၂၀ လောက်စိုးစံသွားခဲ့တဲ့ ဧကရာဇ်မင်း မားကပ်စ်အော်ရေးလိယပ်စ်ဟာ စိတ်ရင်းစိတ်ထားမြင့်မြတ်ပြီး ဉာဏ်အမြော်အမြင်ပညာကြီးမားသူအဖြစ် သူရေးခဲ့တဲ့စာရွက်စာတမ်းတွေအရ နှောင်းလူတွေက လေးစားကြရတယ်။

သူတစ်ပါးဖတ်ဖို့ရေးသားခြင်းမဟုတ်။ မိမိအတွေးအကြံ၊ ခံယူချက်၊ တွေ့ရှိချက်၊ အတွေးအမြင်တို့ကို နေ့စဉ်မှတ်တမ်းဒိုင်ယာရီသဘောမျိုးမှတ်သားခဲ့တာပါ။ ယနေ့ခေတ်အမြင်မှာ လွဲချော်မှုဖြစ်တဲ့အချက်တချို့တွေ့ရပေမယ့် နိုင်ငံတော်အတွင်းမှာ ကူးစက်မြန်ပလိပ်ကပ်ရောဂါဖြစ်တာ၊ စစ်ပွဲတွေဆင်နွှဲရတာ၊ အုပ်ချုပ်ရေးကွပ်ကဲရတာ ပြဿနာပေါင်းများစွာထဲက သူ့ဘာသာသူ ဧကရာဇ်တစ်ပါးရဲ့ စိတ်ကူးစိတ်ထားမှတ်တမ်းများဟာ ချီးကျူးရလောက်အောင် ကောင်းမွန်လှပေတယ်။

၁။ အရှိကိုအရှိအတိုင်းကျေနပ်စွာလက်ခံနိုင်ပါစေ။

၂။ ကောင်းသောအလုပ်ကိုသာ လုပ်လိုပါစေ။

၃။ မှန်သောစကားကိုသာ ပြောဆိုဆက်ဆံပါ။

၄။ နောင်တမရှိ အစွဲမထား တည်ကြည်သောစိတ်ထားဖြင့် ရှင်သန်လိုစိတ်ရှိပါ။

၅။ အစိုးမရတဲ့သဘောကိုလက်ခံပြီး ပြောင်းလဲခြင်းသဘောကို ကျေနပ်နိုင်ပါစေ။

၆။ ကောင်းတာပဲလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ်၊ အချိန်တန်ရင် သေရမှာပါပဲ။ မသေခင်စပ်ကြား ရှင်သန်နေဆဲခဏမှာ အကျိုးရှိတဲ့ဘဝမျိုးနဲ့ နေနိုင်အောင်ကြိုးစားဖို့ပဲ လိုအပ်တယ်။

ဘုန်းတန်ခိုးကြီးမားတဲ့ ဧကရာဇ်မင်းတစ်ပါးက သူ့ကိုယ်သူ လက်တင်ဘာသာစာနဲ့ စိတ်ရှည်လက်ရှည် အမြဲတစေရေးသားဆုံးမထိန်းကျောင်းတာကို ကြည့်ရခြင်းအားဖြင့် ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ နန်းတော်မှာ စည်းစိမ်ခံစားရခြင်းနဲ့ စစ်မြေပြင်မှာ မြင်းတပ်၊ ခြေလျင်စစ်သည်တပ်တွေနဲ့ မေ့မေ့လျော့လျော့မရှိဘဲ သတိဝီရိယနဲ့ ရိုးရိုးသားသား၊ နိုးနိုးကြားကြား ရှိနေတာ အတုယူအားကျစရာပါပဲ။

**ကမ္ဘာကျော်စာရေးဆရာဂျော့ချ်အော်ဝဲလ် (၁၉၀၃-၁၉၅၀)**

ဂျော့ချ်အော်ဝဲလ်က အိန္ဒိယပြည် ဘင်ဂါလ်ပြည်နယ်မှာ မွေးဖွားခဲ့ပါတယ်။ အမည်ရင်းက အဲရစ်အာသာဘလဲယားဖြစ်ပါတယ်။ သူ့အထက် ငါးနှစ်ကြီးတဲ့ အစ်ကိုတစ်ယောက်၊ သူ့ထက် ငါးနှစ်ငယ်တဲ့ ညီတစ်ယောက်၊ မွေးချင်းနှစ်ယောက်ရှိပေမယ့် သူက အထီးတည်းပဲနေလေ့ရှိတယ်။ အသက် လေးနှစ်သားကတည်းက ကဗျာစပ်တယ်။ ဆယ်နှစ်သားမှာ စကားပြေဝတ္ထုရေးတယ်။ ၁၉၀၃ ခုနှစ် ဇွန် ၂၅ ရက်မှာ မွေးဖွားပြီး ၁၉၅၀ ပြည့်နှစ် အင်္ဂလန်နိုင်ငံ လန်ဒန်မှာ အသက် ၄၇ နှစ်အရွယ် ကွယ်လွန်တယ်။ ၁၉၂၈-၁၉၃၃ ခန့်မှာ မြန်မာပြည်အတွင်း ပုလိပ်အင်စပက်တ(ရဲအရာရှိ)အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ သူ့အလုပ်မှာ သိပ်တော့မပျော်ခဲ့ပါဘူး။ ငယ်ငယ်ကတည်းက စာတွေရေးတယ်၊ ကာတွန်းဆွဲတယ်။ မြန်မာပြည်မှာရှိစဉ် ကသာမြို့မှာသူနေခဲ့တဲ့အိမ်ကို ယနေ့ထိ ပြတိုက်သဖွယ်ထိန်းသိမ်းထားနိုင်လို့ နိုင်ငံခြားခရီးသွား ဂျော့ချ်အော်ဝဲလ်စာဖတ်ပရိသတ်တွေက တကူးတကနဲ့လာကြည့်ကြတယ်။ ဂျော့ချ်အော်ဝဲလ်ရေးခဲ့တာက စာအုပ်ခြောက်အုပ်ပဲရှိပေမယ့် အကြိမ်ကြိမ်ထပ်မံပုံနှိပ်ရအောင် အရောင်းရဆုံးနာမည်ကြီးစာအုပ်တွေမို့ ထင်ရှားတယ်။

1. Burmese Days(1934)
2. A Clergyman's Daughter(1935)
3. Keep The Aspidistra Flying(1936)
4. Coming Up For Air(1939)
5. Animal Farm(1945)
6. Nineteen Eighty–Four(1949)

"စာရေးဆရာတစ်ယောက်ရဲ့စေတနာကို အရင်က သူ့ရဲ့ဖြစ်ထွန်းမှုအား နားမလည်ခဲ့ရင် မခန့်မှန်းနိုင်လောက်ဘူး"

"ငယ်ငယ်တုန်းက စွဲမက်တဲ့အသံတွေ၊ စကားလုံးတွေမရှိရင် စာရေးဆရာ၊ ကဗျာဆရာဖြစ်လာနိုင်စရာအကြောင်း မရှိတန်ရာဘူး။"

**နိဂုံး**

စကားပြေစာရေးဆရာမှာ အကြောင်းရင်း လေးချက်ရှိပါတယ်။

**၁။ အတ္တဟိတသက်သက်**

**၂။ ရသဗေဒစိတ်အားထက်သန်မှု**

**၃။ သမိုင်းသွေးခုန်မှုနဲ့**

**၄။ နိုင်ငံရေးဦးတည်ချက်"** ဂျော့ချ်အော်ဝဲလ် ပြောခဲ့တာပဲ။

# အယ်လ်နီညိုကို ရင်ဆိုင်ကျော်လွှားရေး ကဏ္ဍအသီးသီးအတွက် ကြိုတင်ပြင်ဆင်

သုတကြွယ်

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာရဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန်နဲ့ လေထုဖြစ်စဉ်တွေဟာ အားအလွန်ကောင်းတဲ့ အယ်လ်နီညို အခြေအနေမှာ ဆက်လက်တည်ရှိနေပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နဲ့ နိုင်ငံတကာရာသီဥတု ဗဟိုဌာနတွေရဲ့ ထုတ်ပြန်ချက်တွေအရ ယခုနှစ် နှစ်ကုန်ပိုင်းမှာ အယ်လ်နီညိုဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုဟာ သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးဖြစ်လာနိုင်တဲ့ အယ်လ်နီညိုဖြစ်ပြီး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလထိ ဆက်လက်ဖြစ်ပေါ်နိုင်ပါတယ်။

ပစိဖိတ်သမုဒ္ဒရာမှာဖြစ်ပေါ်တဲ့ ဒီဖြစ်စဉ်ကြောင့် အဓိကအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုတွေ မမှန်ခြင်းတို့ ဖြစ်လာနိုင်ပါတယ်။ လာမဲ့ ဆောင်းရာသီနဲ့ နွေရာသီကာလတွေမှာဆိုရင် နေ့အပူချိန်တွေ မြင့်မားလာတာ၊ မိုးခေါင်ရေရှားတာ စတဲ့အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်တွေကိုပါ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံအနေနဲ့ ပြင်းထန်တဲ့ ရာသီဥတုဖောက်ပြန်မှုဒဏ်တွေကို ရေကြောင်း၊ လေကြောင်းနဲ့ ကုန်းကြောင်းပို့ဆောင်ရေးကဏ္ဍတွေမှာ မထိခိုက်အောင် အထူးသတိပြုကြရမှာ ဖြစ်ပါတယ်။

**ရေကြောင်းပို့ဆောင်ရေးနှင့် ကျေးလက်ဒေသ သောက်သုံးရေလုံခြုံရေး**

သမိုင်းတစ်လျှောက် ပြင်းထန်တဲ့အယ်လ်နီညိုနှစ်တွေမှာ ဧရာဝတီမြစ်အပါအဝင် မြစ်ကြီးတွေမှာ မြစ်ရေသိသိသာသာ စံချိန်တင်ကျဆင်းခဲ့ဖူးတဲ့ သာဓကတွေရှိခဲ့ပါတယ်။ ရေမျက်နှာပြင်က ပုံမှန်နွေရာသီထက် ပိုမိုနိမ့်ကျသွားတာကြောင့် ရေလမ်းကြောင်းတွေ ကျဉ်းမြောင်းလာပြီး သဲသောင်ခုံတွေပေါ်လာကာ ရေယာဉ်တွေ သောင်တင်မဲ့အန္တရာယ်ပိုများလာပါတယ်။ ဒ့ါပြင် ကုန်တင်ရေယာဉ်တွေအနေနဲ့ ပုံမှန်တင်နေကျ ကုန်တန်ချိန်အတိုင်း အပြည့်အဝမတင်ဆောင်နိုင်ဘဲ ထက်ဝက်ခန့်ထိ လျှော့ချတင်ဆောင်ရတာတွေ ကြုံတွေ့ရနိုင်ပါတယ်။

ကျေးလက်ဒေသတွေမှာဆိုရင် ရေတွင်း၊ ရေကန်တွေ ရေခန်းခြောက်ပြီး သောက်သုံးရေ လွန်စွာရှားပါးတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဆည်မြောင်းတာတမံတွေနဲ့ ရေလှောင်ကန်တွေမှာ ရေလျော့နည်းကျဆင်းခြင်းကြောင့် စိုက်ပျိုးရေနဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ဖို့ ရေလုံလောက်မှု မရှိတာတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီလို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းသွားခြင်းဟာ အခြား ကဏ္ဍတွေအပေါ်ပါ ထိခိုက်မှုတွေ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

**ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုများ**

အပူချိန်လွန်ကဲစွာ မြင့်တက်လာမှုကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အပူလျှပ်ခြင်းနဲ့ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေ၊ နာတာရှည်ရောဂါရှိသူတွေ အထူးထိခိုက်နိုင်ဖွယ် ရှိနေပါတယ်။ သောက်သုံးရေရှားပါးမှုနဲ့ဆက်နွှယ်ပြီး ဝမ်းပျက်ဝမ်းလျှောနဲ့ ကူးစက်ရောဂါတွေ ဖြစ်ပွားနှုန်း မြင့်တက်လာနိုင်တာကိုလဲ သတိပြုကြရပါမယ်။ ဒါကြောင့် ဆောင်းနဲ့နွေရာသီတွေမှာ အပူဒဏ်နဲ့ ရေဓာတ်ခန်းခြောက်မှုတွေမဖြစ်အောင် သန့်ရှင်းတဲ့ သောက်သုံးရေကို လုံလောက်စွာ သောက်သုံးကြဖို့ တိုက်တွန်းလိုပါတယ်။

မိုးခေါင်ရေရှားမှုနဲ့ အပူချိန်ပြင်းထန်မှုတွေကြောင့် စိုက်ပျိုးရေးကဏ္ဍ ထိခိုက်နိုင်သလို တောမီးလောင်ကျွမ်းမှုအန္တရာယ်တွေလဲ ပိုမိုဆိုးရွားလာနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ရေလိုအပ်ချက်နည်းပြီး အပူဒဏ်ခံနိုင်တဲ့ သီးနှံမျိုးစေ့တွေကို ပြောင်းလဲစိုက်ပျိုးကြရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေကို လေလွင့်မှုမရှိတဲ့နည်းလမ်းတွေနဲ့ အသုံးပြုဖို့နဲ့ သီးနှံစိုက်ချိန်တွေကို ရေရရှိနိုင်မှုနဲ့ အချိန်ကိုက်ညှိနှိုင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

**အစိုးရ၏ဦးဆောင်စီမံမှုနှင့် ပညာရှင်များ၏ အကြံပြုချက်များ**

အောက်တိုဘာ ၅ ရက် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်အစည်းအဝေးခန်းမမှာ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များနဲ့တွေ့ဆုံကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်တဲ့ လိုအပ်တာတွေ လမ်းညွှန်မှာကြားရာမှာ အယ်လ်နီညိုရာသီဥတုနဲ့ ပတ်သက်ပြီး" မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီထိ အယ်လ်နီညိုရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံစားသောက်၍ရနိုင်သည့် အသီးအနှံနှင့်စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်ထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း" စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့တယ်။

အားကောင်းတဲ့ အယ်လ်နီညိုအခြေအနေဟာ ဆန်စပါးနဲ့ တောင်ယာသီးနှံတွေအပေါ် သိသာတဲ့ သက်ရောက်မှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ ဆန်စပါးအတွက် ရေရရှိမှုနည်းပါးချိန်မှာ အချိန်မီရိတ်သိမ်းနိုင်ဖို့ သက်တမ်းတိုမျိုးတွေ၊ အပူဒဏ်ခံနဲ့ ရေငတ်ခံမျိုးတွေကို ဦးစားပေးရွေးချယ်ကြရပါမယ်။ ဒ့ါပြင် AWD စနစ်ခေါ် ရေသွင်းရေထုတ် တစ်လှည့်စီပြုလုပ်တဲ့စနစ်ကို အသုံးပြုဖို့နဲ့ ပျိုးထောင်ချိန်၊ စိုက်ပျိုးချိန်တွေကို မိုးလေဝသအခြေအနေနဲ့ အချိန်ကိုက်ချိန်ညှိကြဖို့ ပညာရှင်တွေက အကြံပြုထားပါတယ်။

**သီးနှံအမျိုးအစားပြောင်းလဲစိုက်ပျိုးခြင်းနှင့် စားရေရိက္ခာဖူလုံရေး**

ပြောင်း၊ နှမ်းနဲ့ ပဲမျိုးစုံသီးနှံတွေအတွက် မြေဆီလွှာအစိုဓာတ် မဆုံးရှုံးအောင် ရိုးပြတ်တွေ၊ မြက်ခြောက်တွေနဲ့ မြေမျက်နှာပြင်ကို ဖုံးအုပ်ပေးကြရပါမယ်။ ရေလိုအပ်ချက်များတဲ့ သီးနှံတွေအစား ရေငတ်ခံနိုင်တဲ့ နှံစားပြောင်း၊ ပဲစင်းငုံနဲ့ နေကြာလိုမျိုးသီးနှံတွေကို အစားထိုးစိုက်ပျိုးသင့်ပါတယ်။ သီးနှံတစ်ခုတည်းစိုက်ပျိုးတာထက် ကြားသီးနှံရောနှောစိုက်ပျိုးခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးနိုင်ခြေတွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

လက်ရှိ အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးမှာ အခက်အခဲအချို့ ရှိနိုင်ပေမဲ့ နိုင်ငံတော်အနေနဲ့ စားရေရိက္ခာဖူလုံရေးအတွက် အပြည့်အဝစီမံထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုနှစ်ကုန်ပိုင်း မိုးစပါးပေါ်မဲ့အချိန်မတိုင်မီထိ အရန်ဆန်တန်ချိန် သုံးသန်းခွဲကျော် ကိုင်တွယ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် စားရေရိက္ခာပိုင်းဆိုင်ရာမှာ ပြည်သူတွေအနေဖြင့် စိုးရိမ်ပူပန်စရာမရှိဘဲ လုံခြုံစိတ်ချစွာ ရှိနေနိုင်ပါတယ်။

> ❖ **အပူချိန်လွန်ကဲစွာ မြင့်တက်လာမှုကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အပူလျှပ်ခြင်းနဲ့ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေ၊ နာတာရှည်ရောဂါရှိသူတွေ အထူးထိခိုက်နိုင်ဖွယ်ရှိနေပါတယ်။ သောက်သုံးရေရှားပါးမှုနဲ့ဆက်နွှယ်ပြီး ဝမ်းပျက်ဝမ်းလျှောနဲ့ ကူးစက်ရောဂါတွေ ဖြစ်ပွားနှုန်းမြင့်တက်လာနိုင်တာကိုလဲ သတိပြုကြရပါမယ်။ ဒါကြောင့် ဆောင်းနဲ့နွေရာသီတွေမှာ အပူဒဏ်နဲ့ ရေဓာတ်ခန်းခြောက်မှုတွေမဖြစ်အောင် သန့်ရှင်းတဲ့သောက်သုံးရေကို လုံလောက်စွာ သောက်သုံးကြဖို့ တိုက်တွန်းလိုပါတယ်။** ❖

**ကမ္ဘာတစ်ဝန်းရာသီဥတုအခြေအနေနှင့် ဒေသန္တရကူညီကယ်ဆယ်ရေး**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့နေရာအများစုမှာ အပူချိန်မြင့်မားခြင်းနဲ့ ပြင်းထန်တဲ့ ရာသီဥတုအခြေအနေတွေကို ရင်ဆိုင်နေရပါတယ်။ မြန်မာနိုင်ငံမှာလဲ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုတွေ ဆက်လက်ဖြစ်ပွားနေတာကို တွေ့ရပါတယ်။ ပုံမှန်အားဖြင့် မိုးခေါင်ရေရှားတာတွေ ဖြစ်ရမဲ့အစား လက်ရှိအခြေအနေအရ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဆက်လက်ရှိနေအုံးမှာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုတွေကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ စိုက်ပျိုးသီးနှံတွေ ဆားငန်ရေမဝင်ရောက်အောင် အထူးသတိပြုပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး စတဲ့ဒေသတွေမှာ ရေကြီးမှုတွေနဲ့ပတ်သက်ပြီး ကွင်းအလိုက် ရေပြန်ပေါ်တဲ့ရေိယာတွေကို ကောက်ယူနေပါတယ်။ တောင်သူတစ်ဦးချင်းရဲ့ ပျက်စီးခဲ့တဲ့စိုက်ဧက၊ ပြန်လည်စိုက်ပျိုးမဲ့သီးနှံ၊ မျိုးစေ့နဲ့ သွင်းအားစုလိုအပ်ချက်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ကွင်းဆင်းကောက်ယူလျက်ရှိပါတယ်။ ပြည်သူတွေနဲ့ တောင်သူတွေ အခက်အခဲမရှိစေဖို့အတွက် အစိုးရနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေက အချိန်နဲ့တစ်ပြေးညီ ကူညီဖြည့်ဆည်းပေးနေပြီဖြစ်ပါတယ်။

**အယ်လ်နီညိုတိုင်းတာချက်နှင့် ကြိုတင်ပြင်ဆင်မှုအရေးပါပုံ**

ပညာရှင်တွေရဲ့ တိုင်းတာချက်အရ ပစိဖိတ်သမုဒ္ဒရာ အီကွေတာနေရာရဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန်ဟာ ပုံမှန်ထက် ပိုမိုမြင့်တက်လာနေပါတယ်။ အပူချိန် ၂ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်လာရင် အယ်လ်နီညိုအဖြစ်သတ်မှတ်ပြီး ယခုအကြိမ်မှာ ၂ ဒသမ ၇ သို့မဟုတ် ၂ ဒသမ ၈ ဒီဂရီထိ ရှိလာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ ဒီအချက်က နှစ်ပေါင်း ၇၀ ကျော်အတွင်း အပြင်းထန်ဆုံးဖြစ်လာနိုင်ခြေကို ဖော်ပြနေတာကြောင့် အထူးသတိပြုကြဖို့ လိုအပ်နေပါတယ်။

အယ်လ်နီညိုဖြစ်စဉ်ဟာ နှစ်နှစ်ကနေ ခုနစ်နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိပြီး တစ်ကြိမ်ဖြစ်ရင် ကိုးလကနေ တစ်နှစ်ထိ ကြာမြင့်တတ်ပါတယ်။ ဒီလိုရှောင်လွှဲလို့မရတဲ့ သဘာဝဘေးအန္တရာယ်ကြီးကို ရင်ဆိုင်ရာမှာ ကြိုတင်ပြင်ဆင်ကာကွယ်မှုတွေ ကောင်းမွန်စွာ လုပ်ဆောင်ထားခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုတွေကို အကောင်းဆုံး လျှော့ချနိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ အဓိကစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ မထိခိုက်အောင် ယခုကတည်းက စနစ်တကျ ပြင်ဆင်ထားကြရပါမယ်။

**နိုင်ငံတော်၏ စီမံဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး**

သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကျန်းမာရေးပြဿနာတွေနဲ့ စားရေရိက္ခာလုံခြုံမှုတွေကို နိုင်ငံတော်အစိုးရက အလေးထား စီမံဆောင်ရွက်ပေးနေပါတယ်။ ပြည်သူတွေ အနေနဲ့လဲ အစိုးရရဲ့ လမ်းညွှန်ချက်တွေနဲ့ အညီ သောက်သုံးရေနဲ့ စိုက်ပျိုးရေတွေကို ချွေတာစုဆောင်းကြဖို့ လိုအပ်ပါတယ်။ အစိုးရနဲ့ပြည်သူ လက်တွဲပူးပေါင်းမှု အပြည့်အဝနဲ့သာလျှင် ဒီလို ပြင်းထန်တဲ့ သဘာဝဘေးဒဏ်တွေကို အောင်မြင်စွာ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

မြို့ပြနဲ့ ရပ်ကွက်ကျေးရွာတွေမှာ အပူဒဏ်လျော့ပါးသက်သာစေဖို့နဲ့ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် မိုးဦးကျကာလက စိုက်ပျိုးခဲ့တဲ့သစ်ပင်တွေကို အထူးဂရုစိုက်ကြရပါမယ်။ အယ်လ်နီညိုရဲ့ ခြောက်သွေ့တဲ့ရာသီဥတုကာလအတွင်းမှာ အဆိုပါသစ်ပင်တွေ ကောင်းစွာရှင်သန်ကြီးထွားလာစေဖို့ စနစ်တကျ ပြုစုစောင့်ရှောက်ပေးကြဖို့ လိုအပ်ပါတယ်။ အပင်တွေ ရှင်သန်မှုဟာ ပူပြင်းခြောက်သွေ့တဲ့အပူဒဏ်ကို တစ်ဖက်တစ်လမ်းကနေ သက်သာစေနိုင်မှာဖြစ်ပါတယ်။

**မွေးမြူရေးကဏ္ဍကာကွယ်ရေးနှင့် အစိုးရ၏ အပြုသဘောဆောင်ဦးဆောင်မှု**

စိုက်ပျိုးရေးတင်မကဘဲ မွေးမြူရေးလုပ်ငန်းတွေမှာလဲ တိရစ္ဆာန်တွေ အပူဒဏ်ခံရတာနဲ့ ရေရှားပါးနိုင်တဲ့ အခြေအနေတွေကို ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားကြရပါမယ်။ တိရစ္ဆာန်ရုံတွေနဲ့ တိရစ္ဆာန်မွေးမြူရေးခြံတွေမှာ လုံလောက်တဲ့ အရိပ်အအုံနဲ့ ရေရရှိရေးကို စီမံပေးဖို့လိုအပ်ပါတယ်။ ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်လာနိုင်တဲ့ ပိုးမွှားနဲ့ အပင်ရောဂါ၊ တိရစ္ဆာန်ရောဂါကျရောက်မှုတွေကိုလဲ အထူးဂရုပြုစောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ သဘာဝဘေးအန္တရာယ်တွေကို လက်ပိုက်ကြည့်နေတာမျိုးမရှိဘဲ ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်တာ၊ လိုအပ်တဲ့ အရန်ရိက္ခာတွေကို ဖြည့်တင်းပေးတာနဲ့ တောင်သူတွေအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို စနစ်တကျ ဖော်ဆောင်ပေးနေပါတယ်။ အစိုးရရဲ့ အချိန်မီလမ်းပြမှုနဲ့ စီမံခန့်ခွဲမှုကောင်းမွန်မှုတွေကြောင့် သဘာဝဘေးအန္တရာယ်ရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို သိသိသာသာ လျော့ပါးစေနိုင်ပါတယ်။ ဒါဟာ နိုင်ငံနဲ့ပြည်သူအတွက် အပြုသဘောဆောင်တဲ့ ခိုင်မာတဲ့ အားသာချက်တစ်ခုလဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် အယ်လ်နီညိုဖြစ်စဉ်ဟာ ရှောင်လွှဲလို့မရဘဲ အားလုံးရင်ဆိုင်ကြရမဲ့သဘာဝဖြစ်စဉ်တစ်ခုပဲ ဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်အစိုးရရဲ့ ကြိုတင်စီမံဆောင်ရွက်မှုတွေနဲ့အတူ ပြည်သူတစ်ရပ်လုံးကလဲ သတိတရား၊ အသိတရားတို့နဲ့ စနစ်တကျ ကြိုတင်ပြင်ဆင်သွားကြဖို့ လိုအပ်ပါတယ်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နိုင်ငံတော်နဲ့အတူ လက်တွဲ ပူးပေါင်းပြီး စည်းလုံးညီညွတ်စွာဖြင့် ကျော်လွှားနိုင်မဲ့အကြောင်း လေးနက်စွာ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- ၄-၁၀-၂၀၂၆ ထုတ် မြန်မာ့အလင်းသတင်းစာ။
- ၁၆-၉-၂၀၂၆ ထုတ် မြဝတီသတင်းစာ။
- ၆-၁၀-၂၀၂၆ ထုတ် ရတနာပုံသတင်းစာ။

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် သတင်းပေးတိုင်ကြားချက်အရ အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လိပ်စာသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းမှ ရှာဖွေတွေ့ရှိရသော အောက်ဖော်ပြပါဆေးဝါးနမူနာများဖြစ်သည့် ဆေးတောင့်/ဆေးထုပ်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ အနောက်တိုင်းဆေးဝါးများ (Diclofenac and Dexamethasone) ရောနှောထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်<br>တံဆိပ် | ဆေး<br>အမည် | ဆေးဝါး<br>ပုံစံ | ထုတ်လုပ်/<br>ဖြန့်ချိဌာန | ရောနှောသည့်<br>အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အောင်ပန်းဆရာတော် သောက်တဲ့ဆေး သက်သေခံအမှတ်(က) | ဒူးနာ ခါးနာ ပျောက် | ဆေးတောင့်/ထုပ် | အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ | Diclofenac and Dexamethasone |
| ၂။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ခ) | | ဆေးတောင့်/ထုပ် | | |
| ၃။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဃ) | | ဆေးတောင့်/ထုပ် | | |
| ၄။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဂ) | | ဆေးမှုန့်/ထုပ် | | မှတ်ပုံတင်ထားခြင်း မရှိ |



ဆေးထုပ်နမူနာ သက်သေခံအမှတ် (က)



ဆေးထုပ်နမူနာ သက်သေခံအမှတ် (ခ)



ဆေးထုပ်နမူနာ သက်သေခံအမှတ် (ဂ)



ဆေးထုပ်နမူနာ သက်သေခံအမှတ် (ဃ)

Diclofenac နှင့် Dexamethasone ရောနှောသည့် ဆေးထုပ်နမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အသည်းရောင်အသားဝါ (ဘီ)

## ရောဂါအကြောင်းသိကောင်းစရာ



- အသည်းရောင်အသားဝါ (ဘီ) ရောဂါသည် အသည်းရောင်အသားဝါ (ဘီ) ပိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် လူ ၁၀၀ ဦးလျှင် ၆ ဦးခန့်သည် အသည်းရောင်အသားဝါ (ဘီ) ရောဂါခံစားနေရပါသည်။
- နာတာရှည်အသည်းရောင်အသားဝါ (ဘီ) ရောဂါ ဖြစ်ပွားခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

### ရောဂါလက္ခဏာများ

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊
- ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ဆီးအရောင်ရင့်ခြင်း၊
- မျက်လုံးဝါခြင်း၊ အသားဝါခြင်း၊
- အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း။





### အသည်းရောင်အသားဝါ (ဘီ)ရောဂါပိုး ကူးစက်နိုင်သော နည်းလမ်းများ



- ရောဂါပိုးရှိသောမိခင်မှတစ်ဆင့်ကလေးသို့ကူးစက်ခြင်း၊
- ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသမှုခံယူခြင်း၊
- ပိုးသတ်မထားသော အပ် အစရှိသည့် ချွန်ထက်သော ပစ္စည်းများကို အသုံးပြုခြင်း (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း)၊
- ရောဂါပိုးရှိသူ အသုံးပြုပြီးသော ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်း၊ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း၊
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊
- ရောဂါပိုးပါဝင်နေသော သွေး သို့မဟုတ် ခန္ဓာကိုယ်မှထွက်သော အရည်များ စသည်တို့ကို အကာအကွယ်မဲ့ ထိတွေ့ကိုင်တွယ်ခြင်း။

### အသည်းရောင်အသားဝါ (ဘီ)ရောဂါပိုး ကူးစက်ခံရနိုင်ခြေမြင့်မားသူများ

- မကြာခဏ သွေးသွင်းကုသမှုခံယူရသူများ၊
- နာတာရှည်ကျောက်ကပ်ရောဂါရှိ၍ ကျောက်ကပ်ဆေးရသူများ၊
- ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှုခံယူရသူများ၊
- မူးယစ်ဆေးဝါး သွေးကြောအတွင်းသို့ ထိုးသွင်းသူများ၊
- လိင်ဆက်ဆံဖက်များသူများ၊ အကာအကွယ်မဲ့ လိင်ဆက်ဆံသူများ၊
- လူနာများ၏ သွေး သို့မဟုတ် သွေးနှင့်ဆက်စပ်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရလေ့ရှိသော ကျန်းမာရေးဝန်ထမ်းများ။



### အသည်းရောင်အသားဝါ (ဘီ)ရောဂါကာကွယ်ခြင်းနည်းလမ်းများ



- မွေးကင်းစကလေးအားလုံးကို မွေးဖွားပြီး (၂၄) နာရီအတွင်း အသည်းရောင်အသားဝါ (ဘီ) ရောဂါ ကာကွယ်ဆေးထိုးနှံပါ၊ ဆက်လက်၍ ပုံမှန် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပါ။။
- ကာကွယ်ဆေးမထိုးနှံသေးရသောသူများတွင် အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုး ရှိ/မရှိ စစ်ဆေးသင့်ပါသည်။ မရှိပါက ကာကွယ် ဆေးအကြိမ်ပြည့်ထိုးနှံပါ။
- ရောဂါပိုးကင်းစင်ကြောင်း စစ်ဆေးထားပြီး ဖြစ်သောသွေးဖြင့်သာ သွေးသွင်းကုသမှု ခံယူပါ။။
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။

**အကောင်းဆုံးရောဂါကာကွယ်ရေးနည်းလမ်းမှာ အသည်းရောင် အသားဝါ (ဘီ)ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းဖြစ်ပါသည်။**

### အသည်းရောင်အသားဝါ (ဘီ)ရောဂါ ကုသခြင်းနည်းလမ်းများ



အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးရှိသူများအနေဖြင့် နာတာရှည် အသည်းရောဂါအဖြစ်သို့ ပြောင်းလဲခြင်းမဖြစ်စေရန်-

- အသည်းကို အနားပေးခြင်း (လုံလောက်စွာအနားယူခြင်း၊ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အာဟာရပြည့်ဝစွာစားခြင်း) ဖြင့် ကိုယ်ခံအားကောင်းအောင် ပြုမူနေထိုင်ရမည် ဖြစ်ပါသည်။
- ဗိုင်းရပ်စ်ထိန်းချုပ်ဆေးဝါးများဖြင့် ရောဂါပိုးများထပ်မံပွားများခြင်း မရှိအောင် ဟန့်တားထားနိုင်ပါသည်။

အသည်းရောင်အသားဝါ (ဘီ) ရောဂါကုသဆေးကို တစ်သက်တာလုံး ဆရာဝန်ညွှန်ကြားသည့်အတိုင်း မပျက်မကွက် သောက်သုံးရန်လိုအပ်ပါသည်။

AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

WE PROTECT THE FAMILY



ပြည်သူ့ပြည်သားအသက်အာမခံ
တပ်မတော်ဝန်ထမ်းအသက်အာမခံ
နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ
စုပေါင်းအသက်အာမခံ
မြွေအန္တရာယ်အာမခံ
အထူးခရီးသွားအာမခံ
အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
ကျန်းမာရေးအာမခံ
ပြင်းထန်သောရောဂါကုသမှုအာမခံ
လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
စာသင်သားအသက်အာမခံ

မိသားစုဘဝလုံခြုံစိတ်ချဖို့
"ကျန်းမာရေးအာမခံ" ထားကြစို့!

ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ (ပရီမီယံတစ်ကြိမ်ပေး)
နှစ်တိုချေးငွေအသက်အာမခံ (ပရီမီယံတစ်ကြိမ်ပေး)
ခရီးသွားအာမခံ
ပညာရေးအသက်အာမခံ
ချေးငွေအသက်အာမခံ
တောင်သူလယ်သမားအသက်အာမခံ
ငွေပင်ငွေရင်းအသက်အာမခံ
တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ (တစ်လုံးတည်းပေး)

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အမှတ်(၃၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 မှ မပေရယ်မိုးဦးနှင့် Grade-4 မှ မဇူလိုင်ဦးတို့၏ဖခင်အမည်မှန်မှာ **ဦးသက်ခိုင်ဦး** ဖြစ်ပါကြောင်း။ **ဦးသက်ခိုင်ဦး(၉/ပကခ(နိုင်)၀၁၉၉၇၇)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၁ လမ်း၊ ၁၅ x ၁၆ လမ်းနေ မအိသန္တာအောင် (ဘ) ဦးအောင်သိန်း(၉/မကန(နိုင်)၁၁၆၁၁၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-650206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-450042085**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၈၀၊ ၃၆ x ၃၇ လမ်းကြား၊ Best ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မဖြူဇင်ဝင်းသန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဝင်းမင်းထွန်း** ဖြစ်ပါကြောင်း။
**ဦးဝင်းမင်းထွန်း(၅/မရန(နိုင်)၁၅၂၆၈၈)**

### မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့
### မန္တလေး
### ရွှေဆိုင်းတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ် (၃/၂၀၂၆-၂၀၂၇) အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | = | ၁.၇၅" x ၁.၇၅" |
| (ခ) | (၁၀၀)ရွက်ပါ ရွှေဆိုင်း(၁)ဆိုင်းပေးချေမည့် နှုန်းထား | = | ၂၇၀,၀၀၀/- |
| (ဂ) | ဝယ်ယူမည့် ရွှေဆိုင်းအရေအတွက် | = | အဆိုင်း(၁၅,၀၀၀) |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | = | ကျပ်သိန်း(၁၅၀) |
| (င) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် နေ့ရက် | = | ၉-၁၀-၂၀၂၆၊ (ရုံးချိန်) |
| (စ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက်/အချိန် | = | ၁၆-၁၀-၂၀၂၆၊ (၁၆:၀၀)နာရီ |
| (ဆ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | = | ၂၁-၁၀-၂၀၂၆၊ (၁၆:၀၀)နာရီ |
| (ဇ) | လျှောက်လွှာ(၁)စောင် ဈေးနှုန်း | = | ကျပ် (၃၀၀၀၀) |

၂။ တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်းခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ စီမံခန့်ခွဲရေးဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၁၆၀၀၄၊ ၀၉-၇၉၄၀၄၄၄၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်သံဒင်းမောင်းနေ ပိုပိုတိုး (ဘ) ဦးအုန်းလှိုင်(၅/ခဥတ(နိုင်)၁၀၇၈၅၉) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-455226547**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၆)နေ မောင်ရန်လင်းအောင် (ဘ) ဦးအောင်လှ(၁၃/လရန(နိုင်)၁၉၅၉၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-780772740**

## ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်၊ မိုင်းမောရွာနေ မင်းလျှိုရွတ် (ဘ) ဦးညိုကံ (၉/မသန(နိုင်)၂၄၁၂၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-459626338**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၈လမ်း၊ ၃၅ x၃၆ လမ်းကြားနေ မကွေးဆင်း(ဘ) ဦးရှုံးပေါင်(၁၃/လရန(နိုင်)၂၄၆၀၉၈)၏နိုင်ငံကူးလက်မှတ်အမှတ်(MA-247080)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-988859996**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ တည်ထောင်ခြင်း (၅)နှစ်ပြည့်အထိမ်းအမှတ် တပ်နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၆

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ကစား နေမှုကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်နှင့် လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍

စာမျက်နှာ ၂၄ ကော်လံ ၁ ❍

# နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် Esports အသင်းကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရန်ကုန် အောက်တိုဘာ ၆

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် Esports အသင်းမှ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကောင်းမြတ်စံ၊ ဒုတိယဥက္ကဋ္ဌ၊ နည်းပြများ၊ အားကစားသမားများသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့

စာမျက်နှာ ၂၃ ကော်လံ ၁ ❖



နိုင်ငံ့ဂုဏ်ဆောင် ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် Esport အသင်းကို သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုကြစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို ဒုတိယပိုင်းအနေဖြင့် စနစ်တကျထပ်မံဖြိုချဖျက်ဆီး

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ တရားမဝင်အွန်လိုင်း လောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများကို ဒုတိယပိုင်းအနေဖြင့် ဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။




နေပြည်တော် အောက်တိုဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၂၅ ကော်လံ ၁ ■

# မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသော လက်ကို ခွဲစိတ်ကုသ၍ အောင်မြင်စွာပြန်လည်တွဲဆက်ပေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးတွင် မော်တော်ဆိုင်ကယ်မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်လက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားခဲ့သည့် အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးကို ခွဲစိတ်ကုသ၍ ပြန်လည်တွဲဆက်ခြင်း (Replantation Surgery)ကို စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကလေးငယ်သည် စက်တင်ဘာ ၃ ရက်တွင် ဟူမွလင်းမြို့၌ ထိခိုက်ဒဏ်ရာရရှိ၍ ဘယ်ဘက်လက်ပခုံးမှ ပြတ်တောက်သွားခဲ့ပြီး လူနာနှင့်အတူ ပြတ်တောက်သွားခဲ့သော ဘယ်ဘက်လက်ကို

စာမျက်နှာ ၂၃ ကော်လံ ၁ ●